| | ၁၅ | စက်မှု | ၂.၈၂၅.၀၀၀ | ၄.၃၁၇.၄၂၆ | -၁.၄၉၂.၄၂၆ | | ၂၀၆.၈၃၈ | -၂၀၆.၈၃၈ | | ၄.၇၉% |
| | ၁၆ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၂၅.၈၄၀ | ၇၈၂.၅၇၁ | -၇၅၆.၇၃၁ | ၂.၅၀၀ | ၈၆၄.၅၀၈ | -၈၆၂.၀၀၈ | ၉.၆၇% | ၁၁၀.၄၇% |
| | ၁၇ | ပညာရေး | ၁၁,၅၃၈.၉၅၈ | ၇၀.၀၉၃.၀၄၅ | -၅၈.၅၅၄.၀၈၇ | ၁၃.၄၈၀.၂၄၅ | ၅၁.၈၆၅.၁၄၃ | -၃၈.၃၈၄.၈၉၈ | ၁၁၆.၈၂% | ၇၃.၉၉% |
| | ၁၈ | ကျန်းမာရေးနှင့်အားကစား | ၂၀,၈၈၄.၃၁၀ | ၉၈.၃၇၂.၀၂၂ | -၇၇.၄၈၇.၇၁၂ | ၁၅၂.၅၄၀ | ၈.၉၇၅.၂၈၀ | -၈.၈၂၂.၆၉၀ | ၀.၇၃% | ၉.၁၂% |
| | ၁၉ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၅.၇၃၃.၅၁၇ | ၃၀.၆၂၃.၅၁၁ | -၂၅.၀၉၉.၉၉၄ | ၁.၅၅၉.၆၂၉ | ၃.၀၃၃.၅၉၆ | -၁.၄၇၃.၉၆၇ | ၂၇.၉၈% | ၉.၉၁% |
| | ၂၀ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေး | | | | | ၁၉၉.၅၈၀ | -၁၉၉.၅၈၀ | | |
| | ၂၀ | ဆောက်လုပ်ရေး | ၉.၄၀၂.၀၀၀ | ၁၈၀,၂၆၆.၉၄၈ | -၁၇၀,၈၆၄.၉၄၈ | ၅.၁၁၄.၈၆၃ | ၉၂.၂၈၁.၂၂၀ | -၈၇.၁၆၆.၃၅၇ | ၅၄.၄၀% | ၅၁.၁၉% |
| | ၂၂ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၃.၆၉၆.၆၆၆ | ၆,၈၈၆.၈၁၃ | -၃.၁၉၀.၁၄၇ | | ၄၇၉.၈၆၇ | -၄၇၉.၈၆၇ | | ၆.၉၇% |
| | ၂၃ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၃၄.၀၀၀ | ၈၂.၃၂၂ | -၄၈.၃၂၂ | ၁၃၃.၉၈၅ | ၁၉.၀၂၉ | +၁၁၄.၉၅၆ | ၃၉၄.၀၇% | ၂၃.၁၂% |
| | ၂၄ | တိုင်းရင်းသားလူမျိုးများရေးရာ | | ၅၆၅.၇၃၃ | -၅၆၅.၇၃၃ | | ၃၃.၂၁၁ | -၃၃.၂၁၁ | | ၆.၈၂% |
| | ၂၅ | အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး | | | | | | | | |
| | | စုစုပေါင်း | ၈၇.၆၇၈.၅၃၁ | ၁,၁၂၄.၉၃၄.၉၉၆ | -၁,၀၃၇.၂၅၆.၄၆၅ | ၂၈.၇၅၀.၄၇၀ | ၈၃၅.၅၉၁.၆၀၄ | -၈၀၆.၈၄၀.၁၃၄ | ၃၂.၇၉% | ၇၄.၂၈% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)
## ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း
## (ကြေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | **ဝန်ကြီးဌာန၊ဦးစီးဌာနများ** | | | | | | | | |
| | ၁ | နိုင်ငံခြားရေး | | | | | | | | |
| | ၂ | သမ္မတရုံး | | | | | | | | |
| | ၃ | ပြည်ထဲရေး | | | | | | | | |
| | ၄ | ကာကွယ်ရေး | | ၃,၁၉၇.၆၇၀ | -၃,၁၉၇.၆၇၀ | | ၁,၄၂၉.၁၇၅ | -၁,၄၂၉.၁၇၅ | | ၄၄.၆၉% |
| | ၅ | နယ်စပ်ရေးရာ | | | | | | | | |
| | ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | | | | | | | | |
| | ၇ | ပြန်ကြားရေး | | | | | | | | |
| | ၈ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | | | | | | | | |
| | ၉ | သာသနာရေးနှင့်ယဉ်ကျေးမှု | | | | | | | | |
| | ၁၀ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | ၁၀၅,၇၈၅.၀၇၇ | ၄၆,၉၆၉.၁၃၄ | +၅၈,၈၁၅.၉၄၃ | ၈၅,၄၅၄.၁၈၁ | ၅၁,၄၀၈.၅၆၁ | +၃၄,၀၄၅.၆၂၀ | ၈၀.၇၈% | ၁၀၉.၄၅% |
| | ၁၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၉,၉၄၇.၉၈၄ | ၂,၃၃၀.၂၆၂ | +၇,၆၁၇.၇၂၂ | ၃,၇၃၅.၈၇၇ | ၂,၇၅၃.၉၆၈ | +၉၈၁.၉၀၉ | ၃၇.၅၅% | ၁၁၈.၁၈% |
| | ၁၂ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၈.၄၀၀ | | +၈.၄၀၀ | | | | | |
| | ၁၃ | လျှပ်စစ်နှင့်စွမ်းအင် | ၁၈,၆၄၀.၃၁၆ | ၁၂,၉၇၆.၆၇၉ | +၅,၆၆၃.၆၃၇ | ၃,၇၀၄.၁၆၇ | ၁၅,၃၃၀.၅၆၂ | -၁၁,၆၂၆.၃၉၅ | ၁၉.၈၇% | ၁၁၈.၁၄% |
| | ၁၄ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | | | | | | | | |
| | ၁၅ | စက်မှု | ၆၈.၀၀၀ | | +၆၈.၀၀၀ | ၁၉၁.၈၉၁ | | +၁၉၁.၈၉၁ | ၂၈၂.၁၉% | |
| | ၁၆ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၄၃.၄၄၂ | | +၄၃.၄၄၂ | ၀.၄၄၈ | | +၀.၄၄၈ | ၁.၀၃% | |
| | ၁၇ | ပညာရေး | ၂,၇၉၁.၉၃၀ | | +၂,၇၉၁.၉၃၀ | ၂,၃၉၀.၈၇၈ | | +၂,၃၉၀.၈၇၈ | ၈၅.၆၄% | |
| | ၁၈ | ကျန်းမာရေးနှင့်အားကစား | ၁၁,၈၆၉.၇၄၂ | | +၁၁,၈၆၉.၇၄၂ | ၉,၃၁၈.၈၀၉ | | +၉,၃၁၈.၈၀၉ | ၇၈.၅၁% | |
| | ၁၉ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၁၉,၈၃၇.၅၈၇ | ၃၆,၈၃၅.၂၆၉ | -၁၆,၉၉၇.၆၈၂ | ၂၇,၉၂၃.၃၃၄ | ၄၉,၂၂၁.၃၁၂ | -၂၁,၂၉၇.၉၃၈ | ၁၄၀.၇၆% | ၁၃၃.၆၃% |
| | ၂၀ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေး | | | | | | | | |
| | ၂၁ | ဆောက်လုပ်ရေး | ၉၀,၇၁၅.၄၈၇ | | +၉၀,၇၁၅.၄၈၇ | ၁၀,၀၆၁.၈၉၈ | | +၁၀,၀၆၁.၈၉၈ | ၁၁.၀၉% | |
| | ၂၂ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | | | | | | | | |
| | ၂၃ | ဟိုတယ်နှင့်ခရီးသွားလာရေး | | | | | | | | |
| | ၂၄ | တိုင်းရင်းသားလူမျိုးများရေးရာ | | | | | | | | |
| | ၂၅ | အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး | | | | | | | | |
| | | စုစုပေါင်း | ၂၅၉,၃၀၃.၉၆၅ | ၁၀၂,၃၀၉.၀၁၄ | +၁၅၇,၃၉၈.၉၅၁ | ၁၄၂,၇၈၁.၅၂၃ | ၁၂၀,၁၄၃.၅၇၈ | +၂၂,၆၃၇.၉၄၅ | ၅၄.၉၈% | ၁၁၇.၄၃% |

# ပြည်ထောင်စုဝန်ကြီးဌာန ၊ ဦးစီးဌာနများ၏
# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် လျာထားချက်အပေါ်
# အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ဦးစီးဌာနများ၏သာမန်ရငွေပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ်၂,၄၁၅,၂၁၂.၉၉ဖသန်း ဖြစ်ပြီး၊အကောင်အထည်ဖော်နိုင်မှု ကျပ် ၂,၆၆၀,၃၃၇.၈၈၂ သန်း ဖြစ်သဖြင့် ၁၁၀.၁၅ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ်လျာထားချက် ကျပ်၂,၅၁၃,၃၄၅.၆၈၁သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ်၁,၈၄၈,၉၆၄.၅၈၃သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၇၃.၅၇ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** ကာကွယ်ရေးဝန်ကြီးဌာနတွင် မြေနှင့်အဆောက်အဦ ငှားရမ်းခများပိုမိုရရှိခြင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတွင် ကျမ်းစာအုပ်ရောင်းချရငွေများ၊ ဓာတ်ရုံငှားရမ်းခြင်းအတွက် လျှပ်စစ်မီတာခပေးသွင်းငွေများရရှိခြင်း၊ ပွင့်လင်းရာသီဖြစ်သည့်အတွက် ပြည်တွင်း/ပြည်ပခရီးသွားဧည့်သည်များလာရောက်မှုများပြားခြင်းတို့ကြောင့်ပိုမိုရခြင်း၊လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင်ရတနာ၊ဇောတိကနှင့်ရွှေစီမံကိန်းတို့မှ ၂၀၁၈ခုနှစ် ဒီဇင်ဘာလအတွက် Royalty များရရှိခြင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင်နယ်စပ်ဖြတ်သန်းခများ၊ နယ်စပ်ဖြတ်သန်းခွင့် စာအုပ် (BP/TBP) ရောင်းချရငွေများ၊ ပြည်ဝင်ဗီဇာခများ၊ ဆိုင်ခန်း ငှားရမ်းခရငွေများ၊ ပြည်ပသို့သွားရောက်လုပ်ကိုင်သည့် အလုပ်သမားများထံမှရရှိသည့်မှတ်ပုံတင်ကြေး၊ နိုင်ငံခြားအလုပ်သမားဒဏ်ကြေးငွေများ၊ စာချုပ် ဖောက်ဖျက်လျော်ကြေးငွေများ၊ ပြည်ပနိုင်ငံခြားသားများ အများအပြားဝင်ရောက်လာခြင်းနှင့် နိုင်ငံခြားသားမှတ်ပုံတင်ခများပိုမိုရရှိခြင်း၊စက်မှုဝန်ကြီးဌာနတွင်ရန်ကုန်တိုင်းဒေသကြီး၏ဝန်ထမ်းအိမ်ရာနောက်ကျောမှ မြေလွတ်အားကုမ္ပဏီသို့ ငှားရမ်းခြင်းအတွက် ငှားရမ်းခရငွေ၊ စက်မှုမှတ်ပုံတင်သက်တမ်းတိုးခြင်းရငွေ၊ ဘွိုင်လာစစ်ဆေးခရငွေများ ပိုမိုရရှိခြင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် နေအိမ်နှင့် သက်သာဆိုင်ခန်းငှားရမ်းခရငွေများ၊ တဆင့်သယ်ပို့ဖြတ်သန်းခရငွေများနှင့်ယာဉ်ချိန်တွယ်ခရငွေများပိုမိုရရှိခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင်အမြန်လမ်းပေါ်ရှိ ဆိုင်ခန်းမြေနေရာငှားရမ်းခရငွေများ၊ မြေနှင့်အဆောက်အဦ ငှားရမ်းခရငွေများ၊ လမ်းအသုံးပြုခကောက်ခံရငွေများ၊ BOT ကုမ္ပဏီများမှ ပေးသွင်းငွေများ၊ တံတားလေလံကြေး ရငွေများနှင့် သီလဝါဆိပ်ကမ်းမှ ရေရောင်းရငွေများရရှိခြင်းတို့ကြောင့် ပိုမိုရခြင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်

ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် သင်တန်းကြေးရငွေများ ပေးသွင်းမှုများခြင်းနှင့် ပြည်ပအဖွဲ့အစည်းများ၏ ထောက်ပံ့ငွေရရှိမှုများ ပိုမိုလာခြင်းတို့ကြောင့်ပိုမိုရခြင်း။

(၂) **သာမန်ရငွေလျော့နည်းရရှိမှု။** နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ပြည်ပရောက်မြန်မာနိုင်ငံသားများအတွက် ထောက်ခံချက်ပြုလုပ်ပေးရမှု နည်းပါးခြင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနတွင် အိန္ဒိယနိုင်ငံမှ ကူညီထောက်ပံ့ငွေမရရှိခြင်း၊ ပြန်ကြားရေးဝန်ကြီးဌာနတွင် ကျောင်းသုံးစာအုပ်များအား ပညာရေးဝန်ကြီးဌာနသို့ ရောင်းချပေးခဲ့သော်လည်း ငွေပေးချေခြင်းမရှိသေးပါသဖြင့် လျော့နည်းရခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် World Bank မှ ကူညီထောက်ပံ့ငွေနှင့် နိုင်ငံတော်ထောက်ပံ့ငွေမှရငွေ (EU Grant)များ လျာထားရေးဆွဲခဲ့သော်လည်း လွှဲပြောင်းပေးပို့နိုင်မှုမရှိခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေးရန်ပုံငွေအတွက် ဒိန်းမတ်မှ အကူအညီမရရှိခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ပုဂ္ဂလိကဆေးခန်းများမှပေးသွင်းသောလိုင်စင်ကြေးနှင့် ပြည်ပအကူအညီရငွေများ လျော့နည်းရရှိခြင်းတို့ ကြောင့် လျော့နည်းခြင်း။

(၃) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** ပြန်ကြားရေးဝန်ကြီးဌာနတွင် ကျောင်းသုံးပုံနှိပ်လုပ်ငန်းအတွက် ကုန်ကြမ်းတင်သွင်းသူများသို့ ငွေပေးချေမှုများ ရှိခြင်းကြောင့် ပိုမိုခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတွင် ရန်ကုန်နယ်နိမိတ်သတ်မှတ်ရန် လမ်းညွှန်ချက်အရ ခြံစည်းရိုးကာရံခြင်း၊ ဝန်ထမ်းအိမ်ရာများပြုပြင်ခြင်း၊ World Bank ချေးငွေ (ADSP)၊ ဂျပန် ODA ချေးငွေ ၊ EXIM Bank of China မှ ချေးငွေများအတွက် အတိုးပေးဆပ်ရာတွင်နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲခြင်းကြောင့် ပိုမိုရခြင်း။

(၄) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတွင် ပစ္စည်းများဝယ်ယူခြင်း၊ ဆောင်ရွက်ပေးခြင်းတို့ အတွက်ကုန်ကျစရိတ်နှင့် လုပ်အားခ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များတွင် အသုံးစရိတ်ပေးချေမှုမှာ ခန့်မှန်းသည်ထက်လျော့နည်းခြင်း၊ အစည်းအဝေးပွဲများကျင်းပမှုအရေအတွက် နည်းပါးခြင်းကြောင့် လျော့နည်းရခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် ဝန်ထမ်းပညာသင်စရိတ်ထောက်ပံ့နိုင်မှုမရှိခြင်း၊ အတိုးပေးငွေများ လျာထားချက်အတိုင်းမပေးချေရခြင်း၊ ထည့်ဝင်ကြေးများထည့်ဝင်ရန် ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ပြည်ပအကူအညီရငွေများ၊ပြည်ပချေးယူရငွေများလျာထားချက်အတိုင်းမရရှိခြင်းကြောင့် အဆိုပါရငွေများဖြင့် ဆက်နွယ်ဆောင်ရွက်သည့် လုပ်ငန်းအသုံးစရိတ်များလျော့နည်းခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် အရေး

ပေါ်ရန်ပုံငွေသည် သုံးစွဲသည့်ဌာနများတွင်သာ အသုံးစရိတ်စာရင်းတင်မည် ဖြစ်ပါသဖြင့် လျော့နည်းရခြင်း၊ Budget Support အတွက် ထောက်ပံ့ခြင်း ခေါင်းစဉ်ရှိ European Union ထောက်ပံ့ငွေနှင့် ကမ္ဘာ့ဘဏ်ချေးငွေ (DPO) ဖြင့်ထောက်ပံ့ငွေများမရရှိခြင်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အရှုံးအတွက် ထောက်ပံ့ငွေအား လျာထားခဲ့သော်လည်း MADB မှ ထောက်ပံ့ငွေ တောင်းခံလာမှုမရှိခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် မော်တော်ယာဉ်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက်ခွင့်ပြုမိန့်တောင်းခံဆဲဖြစ်ခြင်း၊ပညာပေးသင်တန်းများနှင့်ဌာနတွင်းသင်တန်းများ ဖွင့်လှစ်ရန်ဆောင်ရွက်ဆဲဖြစ်ခြင်း၊ ချေးငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ချေးငွေရယူနိုင်မှုမရှိခြင်းကြောင့် အတိုးပေးချေရန်မလိုအပ်သေးခြင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတွင် လူနည်းစုတိုင်းရင်းသားလူမျိုးစုများ နေထိုင်ရာဒေသသို့သွားရောက်၍ သုတေသနပြုခြင်း၊ ပညာပေးဆွေးနွေးပွဲများ၊ Documentary ပြုလုပ်ခြင်းများ နည်းပါးခြင်း၊ တိုင်းရင်းသားရေးရာကိစ္စရပ် ညှိနှိုင်းဆွေးနွေးပွဲများသို့ သွားရောက်ဆောင်ရွက်နိုင်မှု နည်းပါးခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် ဒုတိယ(၃)လပတ်လျာထားချက် ကျပ် ၈၇,၆၇၈.၅၁၁ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ်၂၈,၇၅၀.၄၇၀ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၃၂.၇၉ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၁,၁၂၄,၉၃၄.၉၉၆ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၈၃၅,၅၉၁.၆၀၄ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၇၄.၂၈ ဖြစ်ပါသည်။ ငွေလုံးငွေရင်း ရငွေ၊သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် BOTစနစ်ဖြင့်ဆောင်ရွက်သော ဘီလူးချောင်း(၃) ရေအားလျှပ်စစ် စီမံကိန်းအတွက် ဌာနမှ စိုက်ထုတ်ပေးချေခဲ့သည့် Down Payment အပေါ် ဆဌမအရစ်အား အနာဂတ်စွမ်းအားကုမ္ပဏီမှ ပြန်လည်ပေးသွင်းခဲ့ရာ Exchange Rate ပြောင်းလဲခြင်းကြောင့် ပိုမိုရခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများအတွက် Right Out ခွင့်ပြုမိန့်ကျလာပါသဖြင့် အဆိုပါပစ္စည်းများ ရောင်းချရငွေများပိုမိုရရှိခြင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် အဆောက်အဦဟောင်းများ ရောင်းချရငွေ၊ဆိုင်ဖျက်သိမ်းခြင်းမှ လျော်ကြေးသင့်ငွေများ၊ စားသောက်ကုန်ထုတ်လုပ်ရေး စင်တာအတွက် ADB ပြည်ပအကူအညီရငွေရရှိခြင်းကြောင့်ပိုမိုရခြင်း။

(၂) ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတွင် ၂၀၁၈ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လတွင် ပဒုမ္မာဇာတ်ရုံမြေနှင့်အဆောက်အဦရောင်းချရငွေပေးသွင်းရန်ကျန်ငွေ ကျပ်၂၀,၀၀၀.၀၀၀ သန်းအားအပြီးသတ်ပေးသွင်းခဲ့ပြီးဖြစ်ခြင်း၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေ ပေးအပ်မည့် အဖွဲ့အစည်းများထံမှ ပြည်ပအကူအညီရငွေများ လျော့နည်းရရှိခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေဖြင့် ဆောင်ရွက်မည့် ဝမ်ပုံဆိပ်ကမ်းအဆင့်မြှင့်တင်ခြင်း ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်းမှာ မဲခေါင်မြစ်ရေမြင့်တက်နေပြီး ရေကျဆင်းမှုနည်းပါးခြင်းကြောင့် တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုမရှိခြင်းနှင့် အကြံပေးအဖွဲ့မခန့်ရသေးခြင်း၊ မန္တလေးဆိပ်ကမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းမှာ မြေယာပိုင်ဆိုင်မှုအထောက်အထားနှင့် မြေယာလျော်ကြေးများ ရှင်းလင်းနိုင်မှု မရှိသေးသဖြင့် ရငွေလျော့နည်းခြင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေ၌ အပူပိုင်းဒေသသစ်တောကြိုးဝိုင်းများ၏ ဂေဟစနစ်ဝန်ဆောင်မှုနှင့် ဒေသတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ မြှင့်တင်ရေးစီမံကိန်းမှ တည်ဆောက်ရေးစရိတ်များ မရရှိသေးခြင်းနှင့် ADB-GEF Project မှာ စတင်ဆောင်ရွက်ဆဲဖြစ်ခြင်း၊ စက်မှုဝန်ကြီးဌာနတွင် စက်မှုသင်တန်းကျောင်း (ဆင်တဲ)အတွက် ဂျာမနီ Kfw အထောက်အပံ့ဖြင့် ရရှိမည့် စက်ပစ္စည်းများမှာ Timeline Schedue အသစ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ခြင်းကြောင့် ပစ္စည်းများ မရရှိသေးခြင်းနှင့် အိန္ဒိယမှ ထောက်ပံ့သည့်စက်ပစ္စည်းမှာ အဆောက်အဦပြီးစီးမှု မရှိသည့်အတွက် အဆောက်အဦပြီးစီးမှသာ ပေးပို့မည်ဖြစ်ခြင်းတို့ကြောင့် ပြည်ပအကူအညီရငွေမရရှိခြင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် EIF အထောက်အပံ့ဖြင့် ဝယ်ယူမည့် ရုံးသုံးစက်ကိရိယာ၊ ပရိဘောဂများမှာ စာချုပ်ချုပ်ဆိုပြီး ဖြစ်သော်လည်းတင်ဒါအောင်မြင်သည့် ကုမ္ပဏီမှဌာနသို့ ပစ္စည်းပေးသွင်းလာမှု မရှိသေးပါသဖြင့် ပြည်ပအကူအညီရငွေ မရရှိသေးခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် တည်ဆောက်ရေးနှင့် စက်ပစ္စည်းများအတွက် ပြည်ပအကူအညီရငွေများလျာထားခဲ့သော်လည်း လျာထားချက်အောက် လျော့နည်းရရှိခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် စီးပွားရေးသန်းခေါင်စာရင်း (Economic Census) အတွက် အထောက်အပံ့မရရှိခြင်း၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ၏ အစီအမံဖြင့် သုံးစွဲရခြင်းဖြစ်ပြီး သုံးစွဲနိုင်သလောက်သာ အရစာရင်း တင်ပြရခြင်း၊

ပင်စင်စနစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းအတွက် ဝန်ထမ်းများ၏ ကွန်ပျူတာသင်တန်းအတွက်သာ ငွေကြေးသုံးစွဲခွင့်ရရှိခဲ့ပြီး ကျန်အသုံးစရိတ် များအတွက် ငွေကြေးသုံးစွဲခွင့်မရရှိခဲ့ခြင်းကြောင့် ပြည်ပအကူအညီရငွေ လျော့နည်းခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် Kfw အထောက်အပံ့ဖြင့် ကျေးလက်လမ်းများ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် လုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်ခြင်းကြောင့် ပြည်ပအကူအညီ ရယူနိုင်မှု မရှိပါသဖြင့် လျော့နည်းခြင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတွင် UNICEFအဖွဲ့အစည်းမှ ရန်ပုံငွေရရှိရန် ညှိနှိုင်းဆောင်ရွက်နေဆဲကာလဖြစ်ခြင်းတို့ကြောင့် လျော့နည်းခြင်း။

(၃) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** ကာကွယ်ရေးဝန်ကြီးဌာနတွင် ပထမ(၃)လပတ်ကာလအတွင်းမပြီးပြတ်ခဲ့သည် အဆောက်အဦလုပ်ငန်းများနှင့်စက်ပစ္စည်းများဝယ်ယူရေးပြီးစီးအောင်ဆောင်ရွက်ခြင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ပထမ(၃)လပတ်တွင် သုံးစွဲရန်လျာထားခဲ့သော မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်ဦးစီးမှူးရုံး တည်ဆောက်ခြင်းလုပ်ငန်းအား ဒုတိယ(၃)လပတ်တွင်မှသုံးစွဲခဲ့ခြင်းကြောင့် ပိုမိုခြင်း။

(၄) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** နိုင်ငံခြားရေးဝန်ကြီးဌာနတွင် Website တည်ထောင်ရန်၊ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊အခြားရုံးသုံးပစ္စည်းများ၊အခြားခေါင်းစဉ်တွင်ဈေးနှုန်းစုံစမ်းဆဲနှင့်နိုင်ငံခြားငွေသုံးစွဲခွင့်လျှောက်ထားဆဲဖြစ်ခြင်း၊ပြန်ကြားရေးဝန်ကြီးဌာနတွင်ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ဆဲကာလဖြစ်သဖြင့်လျော့နည်းခြင်း၊သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတွင် တင်ဒါ ခေါ်ယူဆောင်ရွက်ပြီးဖြစ်သော်လည်း ငွေပေးချေမှုမပြုရသေးခြင်း၊ ဒုတိယ ပါမောက္ခချုပ်ဆရာတော်(သင်ကြား)ကျောင်းဆောင်ဆောက်လုပ်ခြင်းအတွက် ၂% သာ ပေးသွင်းရသေးခြင်းကြောင့်လျော့နည်းခြင်း၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတွင် Japan ODA Loan စိုက်ပျိုးရေးဝင်ငွေ တိုးတက်ရေးစီမံကိန်းအတွက် စက်ပစ္စည်းများဝယ်ယူရန် စာချုပ် ချုပ်ဆိုနေဆဲဖြစ်ခြင်း၊ရုံးသုံးစက်ကိရိယာများအားဝယ်ယူရန် တင်ဒါခေါ်ယူပြီးဖြစ်သော်လည်းငွေပေးချေမှုမရှိသေးခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် ဖလမ်းလေယာဉ်ကွင်း တည်ဆောက်ရေးလုပ်ငန်းအား ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ တမူး၊ မြဝတီ၊ တာချီလိတ်၊ ကော့သောင်းမြို့များတွင်

Monitoring System ရုံးများ ဆောက်လုပ်ရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ဆောက်လုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းနေဆဲဖြစ်ခြင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် မော်တော်ယာဉ်အကြီးစား ပြင်ဆင်မှုအတွက် သုံးစွဲမှုမရှိသေးခြင်း တည်ဆောက်ရေးနှင့် စက်ပစ္စည်းဝယ်ယူခြင်းများအတွက် တင်ဒါ ခေါ်ယူနေဆဲဖြစ်ခြင်း၊ ADB-GEF Project မှာ စတင်ဆောင်ရွက်ဆဲဖြစ်ခြင်း၊ အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတွင် တင်ဒါခေါ်ယူရေးဆောင်ရွက်ဆဲဖြစ်ခြင်း၊ စက်မှုဝန်ကြီးဌာနတွင် သင်တန်းကျောင်း တည်ဆောက်ရေးလုပ်ငန်းများ ၂၅% ပြီးမှသာ ပေးချေရမည်ဖြစ်ခြင်း၊ ဂျာမနီ Kfw အထောက်အပံ့ စက်ပစ္စည်းများမှာ Schedue အသစ်ဖြင့် ဆောင်ရွက်ရခြင်း၊ အိန္ဒိယအကူအညီ စက်ပစ္စည်းများရရှိမှု မရှိခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများ တင်ဒါရွေးချယ်စိစစ်ဆဲဖြစ်ခြင်း၊ ပြည်ပအကူအညီရငွေ၊ ချေးယူရငွေများ လျာထားချက် အတိုင်းရရှိမှု မရှိခြင်းကြောင့် အဆိုပါရငွေများဖြင့် ဆက်နွယ်ဆောင်ရွက်သည့် လုပ်ငန်းအသုံးစရိတ်များ လျော့နည်းခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် စီးပွားရေးသန်းခေါင်စာရင်း (Economic Census) အတွက် အဖွဲ့အစည်း အချို့မှ ထောက်ပံ့ငွေမရရှိခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများ တင်ဒါခေါ်ယူ ဆောင်ရွက်ဆဲဖြစ်ခြင်း၊ ပင်စင်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းအတွက် ဝန်ထမ်းများ၏ ကွန်ပျူတာသင်တန်းများ အတွက်သာ ငွေကြေးသုံးစွဲခွင့်ရရှိခဲ့ပြီး ကျန်အသုံးစရိတ်များအတွက် ငွေကြေးသုံးစွဲခွင့်ပြုမိန့်မရရှိခဲ့ခြင်း၊ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် ချေးငွေဖြင့် ဆောင်ရွက်သောလုပ်ငန်း ပြီးစီးမှုရာခိုင်နှုန်း ပြည့်မီအောင် ဆောင်ရွက်နိုင်မှု မရှိခြင်း၊ တည်ဆောက်ရေး လုပ်ငန်းအချို့မှာ စာချုပ်ချုပ်ဆိုရန် ညှိနှိုင်းနေဆဲ ဖြစ်ခြင်း၊ မြေယာလျော်ကြေးများ ပေးချေရန်အတွက် မြေယာပိုင်ရှင်များနှင့် ညှိနှိုင်းဆဲဖြစ်ခြင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတွင် ဆောက်လုပ်ရေးလုပ်ငန်းများနှင့် စက်ကိရိယာ ၊ ရုံးသုံးပရိဘောဂများ၊ အခြားရုံးသုံးပစ္စည်းများတွင် အချို့မှာ တင်ဒါခေါ်ယူ ဆောင်ရွက်ဆဲကာလဖြစ်ခြင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ကယားပြည်နယ်၊ လွိုင်ကော်ရုံးခွဲ အဆောက်အဦ ဆောက်လုပ်ခြင်းအတွက် အသုံးစရိတ်အား ၅၀%သာ ပေးချေနိုင်ခြင်း၊ ADB အကူအညီရငွေမှ မော်လမြိုင်မြို့ရှိ စားသောက်ကုန်ထုတ်လုပ်ရေးစင်တာ ဆောက်လုပ်ရန် ၅၀%သာ ပေးချေနိုင်ခဲ့ခြင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတွင် ဆောက်လုပ်ရေး လုပ်ငန်းများအတွက် ငွေပေးချေနိုင်မှု မရှိသေးခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ကြွေးမြီရငွေပိုင်းတွင် ဒုတိယ(၃)လပတ်လျာထားချက် ကျပ် ၂၅၉,၇၀၇.၉၆၅သန်းဖြစ်ပြီး၊အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၄၂,၇၈၁.၅၂၃ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၅၄.၉၈ ဖြစ်ပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ်လျာထားချက် ကျပ် ၁၀၂,၃၀၉.၀၁၄ သန်း ဖြစ်ပြီး၊အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၂၀,၁၄၃.၅၇၈ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၁၇.၄၃ ဖြစ်ပါသည်။ ကြွေးမြီ ရငွေ၊ သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ကြွေးမြီရငွေပိုမိုရရှိမှု။** စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် အိုပက်ချေးငွေအပေါ် နိုင်ငံတော်မှစိုက်ထုတ်ပေးချေခဲ့သည့် အရင်းအတွက် ပြန်ရငွေများရရှိခဲ့ခြင်း၊ JICA မှ ချေးယူရငွေအား MADB မှ တစ်ဆင့်လယ်သမားများသို့ ထုတ်ချေးခြင်းအတွက် လယ်သမားများမှ ချေးယူမှုများပြားခဲ့ခြင်းကြောင့် ကြွေးမြီရငွေ ပိုမိုရရှိခြင်း။

(၂) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်နေသည့် ရေဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုစီမံကိန်းတွင် Donors System များအား Interation ပြုလုပ်ရန်အတွက် Data Center နေပြည်တော်နှင့် Back up Data Center ရန်ကုန်တို့အား ပြင်ဆင်ရန် လျာထားသော်လည်း ဆောင်ရွက်ပြီးစီးမှုမရှိခြင်း၊ ကိုရီးယား EXIM Bank နှင့် အပြီးသတ်ညှိနှိုင်းဆဲဖြစ်၍ Consultant ရွေးချယ်/ စာချုပ်ချုပ်ဆိုနိုင်ခြင်းမရှိသဖြင့် ချေးငွေရယူနိုင်မှုမရှိခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင်သောက်ရေခပ်(၂)စီမံကိန်းအတွက် ဌာနမှစိုက်ထုတ်ပေးချေထားသည့် EXIM Bank of China ချေးငွေအပေါ်အရင်းအား ရွှေစွမ်းအင်ကုမ္ပဏီလီမိတက်မှ ပြန်လည်ပေးဆပ်လာမှုမရှိသေးခြင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ဘဏ်ရှယ်ယာအပေါ် အမြတ်ဝေစုရရှိရန် လျာထားသော်လည်း နှစ်ပတ်လည် အစည်းအဝေးပြုလုပ်ပြီးမှ ရရှိမည်ဖြစ်ခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ အစုရှယ်ယာနှုန်းထားသတ်မှတ်ခြင်း ပြီးစီးမှုမရှိသေးပါသဖြင့် အမြတ်ဝေစုမရရှိခြင်းနှင့် ကမ္ဘာ့ဘဏ်ချေးငွေဖြင့်ဆောင်ရွက်သော ရေကြီးရေလျှံနှင့် မြေပြိုမှုများကြောင့် အရေးပေါ် ပြန်လည်ထူထောင်ရေး စီမံကိန်းအတွက် လုပ်ငန်းအချို့မှာ ဆောင်ရွက်ဆဲဖြစ်သဖြင့် ချေးယူရငွေရယူနိုင်မှု မရှိခြင်းတို့ကြောင့် ကြွေးမြီရငွေ လျော့နည်းရခြင်း။

(၃) **ကြွေးမြီသုံးငွေပိုမိုသုံးစွဲမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲခြင်းကြောင့်ပိုမိုရခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ဂျာမနီချေးငွေ(Kfw)၊ Korea EDCF ၊ CDB ချေးငွေနှင့် India ကြွေးမြီများ ပြန်လည်ပေးဆပ်ရာတွင် ငွေလဲလှယ်နှုန်း ပြောင်းလဲခြင်းကြောင့် ပိုမိုသုံးစွဲရခြင်း၊ BOT စနစ်ဖြင့်ဆောင်ရွက်သည့် သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းနှင့်အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းတို့အတွက် စေ့ရောက်သော အရင်းပေးဆပ်ရာတွင် Exchange Rate ပြောင်းလဲခြင်းကြောင့် ပိုမိုရခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် Kfw မှ အကူအညီရငွေအား သမဝါယမဘဏ်သို့ ၄၀% ခန့် ထုတ်ချေးပြီးဖြစ်ခြင်း၊ IDA၊ ADB၊ OPEC နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံချေးငွေတို့မှပြန်ဆပ်ငွေများအပေါ် အရင်းပြန်လည်ပေးဆပ်ခဲ့ခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုရခြင်း။

(၄) **ကြွေးမြီသုံးငွေလျော့နည်းသုံးစွဲမှု။** ကာကွယ်ရေးဝန်ကြီးဌာနတွင် စက်မှုဝန်ကြီးဌာနမှ လွှဲပြောင်းပေးခဲ့သည့် စက်ရုံ(၄)ရုံအတွက် အိန္ဒိယချေးငွေ၊ ဂျပန်ချေးငွေနှင့် တရုတ်ချေးငွေတို့အား ပေးဆပ်ရန် အချိန်မစေ့ရောက်သေးခြင်းကြောင့် လျော့နည်းရခြင်း။

၂။ ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃) လပတ် လျာထားချက် ရငွေ၊ သုံးငွေများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ပတ်သက်၍ အောက်ပါအတိုင်း ခြုံငုံသုံးသပ် တင်ပြအပ်ပါသည်-

(က) ရငွေပိုင်းတွင် သာမန်ရငွေရရှိမှု ၁၁၀.၁၅ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၃၂.၇၉ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၅၄.၉၈ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်း ရငွေ ရရှိမှုမှာ ၁၀၂.၅၁ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်ရငွေပိုင်းတွင် လျာထားချက်ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ငွေလုံးငွေရင်းရငွေနှင့်ကြွေးမြီရငွေပိုင်းတွင် လျာထားချက်ပြည့်မီရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၇၃.၅၇ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်း အသုံးစရိတ် ၇၄.၂၈ ရာခိုင်နှုန်း၊ ကြွေးမြီအသုံးစရိတ် ၁၁၇.၄၃ ရာခိုင်နှုန်း ဖြစ်သဖြင့် စုစုပေါင်းအသုံးစရိတ် ၇၄.၉၈ ရာခိုင်နှုန်းဖြစ်ပါသည်။သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် လျာထားချက်ပြည့်မီရန် လိုအပ်ကြောင်းတွေ့ရှိရပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် လျာထားချက်ကို ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၂၈,၅၀၀.၀၀၀ | ၇,၃၅၀.၉၅၇ | +၂၁,၁၄၉.၀၄၃ | ၃၁,၇၇၈.၈၀၈ | ၆,၂၀၉.၆၂၀ | +၂၅,၅၆၉.၁၈၈ | ၁၁၁.၅၀% | ၈၄.၄၇% |
| | | စုစုပေါင်း | ၂၈,၅၀၀.၀၀၀ | ၇,၃၅၀.၉၅၇ | +၂၁,၁၄၉.၀၄၃ | ၃၁,၇၇၈.၈၀၈ | ၆,၂၀၉.၆၂၀ | +၂၅,၅၆၉.၁၈၈ | ၁၁၁.၅၀% | ၈၄.၄၇% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၂၈,၅၀၀.၀၀၀ | ၅,၉၃၇.၆၇၀ | +၂၂,၅၆၂.၃၃၀ | ၃၁,၇၇၈.၄၅၉ | ၆,၂၀၄.၃၅၄ | +၂၅,၅၇၄.၁၀၅ | ၁၁၁.၅၀% | ၁၀၄.၄၉% |
| | စုစုပေါင်း | ၂၈,၅၀၀.၀၀၀ | ၅,၉၃၇.၆၇၀ | +၂၂,၅၆၂.၃၃၀ | ၃၁,၇၇၈.၄၅၉ | ၆,၂၀၄.၃၅၄ | +၂၅,၅၇၄.၁၀၅ | ၁၁၁.၅၀% | ၁၀၄.၄၉% |

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | | ၁,၄၁၃.၂၈၇ | -၁,၄၁၃.၂၈၇ | ၀.၃၄၉ | ၅.၂၆၆ | -၄.၉၁၇ | | ၀.၃၇% |
| | | စုစုပေါင်း | | ၁,၄၁၃.၂၈၇ | -၁,၄၁၃.၂၈၇ | ၀.၃၄၉ | ၅.၂၆၆ | -၄.၉၁၇ | | ၀.၃၇% |

# ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သောဝန်ကြီးဌာန၊ဦးစီးဌာနများ၏ သာမန်ရငွေပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၂၈,၅၀၀.၀၀၀ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၁,၇၇၈.၄၅၉ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၁၁.၅၀ ဖြစ်ပါသည်။ သာမန် အသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃) လပတ်လျာထားချက် ကျပ် ၅,၉၃၇.၆၇၀ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၆,၂၀၄.၃၅၄ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၄.၄၉ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** အကျိုးဝင်မှတ်ပုံတင်သည့် အလုပ်ဌာနများနှင့်အာမခံ အလုပ်သမားဦးရေ တိုးတက်လာခြင်း၊ တိုးမြှင့်လာသောလုပ်ခလစာများဖြင့် ထည့်ဝင်ကြေးငွေများ ပေးဆောင်ပါသဖြင့် လျာထားချက်ထက် ပိုမိုရရှိခြင်း။

(၂) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှု အာမခံ စနစ်နှင့် အလုပ်တွင် ထိခိုက်မှုစနစ်တွင် ပါဝင်သော အကျိုးခံစားခွင့်များသည် မမျှော်မှန်းနိုင်သော အသုံးစရိတ်များဖြစ်ခြင်းနှင့် ဆေးရုံကြီးများ၊ ဆေးခန်း များတွင် သုံးစွဲရန်လိုအပ်သော ဆေးဝါးများဝယ်ယူခြင်းကြောင့် လျာထားချက်ထက် ပိုမိုရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သောဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက်မရှိသော်လည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုမှာ ကျပ် ၀.၃၄၉ သန်း ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၁,၄၁၃.၂၈၇ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုမှာ ကျပ် ၅.၂၆၆ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၀.၃၇ ဖြစ်ပါသည်။ ငွေလုံးငွေရင်း ရငွေ၊ သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ဆောက်လုပ်ရေးလုပ်ငန်းများနှင့် စက်ပစ္စည်းကိရိယာများ ဝယ်ယူခြင်း လုပ်ငန်းတို့မှ ပိုငွေများအား စာရင်းစစ်ဆေးရေးအဖွဲ့၏ ညွှန်ကြားချက်အရ ပြန်လည်ပေးသွင်းခြင်းကြောင့် ပိုမိုရခြင်း။

(၂) ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။ အချို့ဆောက်လုပ်ရေးလုပ်ငန်းများမှာ လုပ်ငန်းစတင်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ ကျပ်(၁၀) သန်းအောက် လုပ်ငန်းများမှာ ဝယ်ယူရေးအဖွဲ့မှ စိစစ်ဝယ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်နေခြင်း၊ ကျပ်(၁၀) သန်းအထက် လုပ်ငန်းများအတွက် ဝန်ကြီးဌာနတင်ဒါခေါ်ယူပြီး လုပ်ငန်းဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်နေဆဲ ကာလဖြစ်သဖြင့် လျာထားချက်ထက် လျော့နည်းရခြင်း။

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)
## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း
## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၅,၂၁၆.၀၀၀ | ၅,၄၆၆.၈၄၅ | -၂၅၀.၈၄၅ | ၄,၂၅၅.၅၀၈ | ၈,၂၁၉.၉၁၉ | -၃,၉၆၄.၄၁၁ | ၈၁.၅၉% | ၁၅၀.၃၆% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၉၈,၃၃၄.၉၂၃ | ၂၃၆,၁၁၈.၄၃၃ | -၃၇,၅၈၃.၅၁၀ | ၁၁၆,၉၅၃.၃၂၇ | ၁၄၂,၄၀၅.၃၆၃ | -၂၅,၄၅၂.၀၃၆ | ၅၈.၉၁% | ၆၀.၃၁% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၁၂၀,၇၀၃.၃၅၉ | ၇၄,၄၈၄.၇၆၅ | +၄၆,၂၁၈.၅၉၄ | ၁၃၆,၆၄၇.၈၈၆ | ၉၄,၁၃၄.၁၅၉ | +၄၂,၅၁၃.၇၂၇ | ၁၁၃.၂၁% | ၁၂၆.၃၈% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၁,၁၃၄,၄၈၁.၈၁၈ | ၁,၃၇၅,၆၉၄.၄၄၃ | -၂၄၁,၂၁၂.၆၂၅ | ၁,၁၈၈,၁၃၂.၇၃၃ | ၁,၃၄၆,၃၂၇.၀၂၉ | -၁၅၇,၉၉၄.၂၉၂ | ၁၀၄.၇၅% | ၉၇.၈၇% |
| | ၅ | စက်မှု | ၁၅,၆၄၄.၆၄၆ | ၈၃,၉၅၈.၁၆၆ | -၆၈,၃၁၃.၅၂၀ | ၁၁,၆၄၈.၀၁၂ | ၈၆,၁၁၈.၃၄၀ | -၇၄,၄၇၀.၃၂၈ | ၇၄.၄၅% | ၁၀၂.၅၇% |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၂၄၈,၀၅၆.၉၁၇ | ၂၁၃,၂၉၀.၃၃၆ | +၃၄,၇၆၆.၅၈၁ | ၁၈၉,၄၁၈.၁၇၉ | ၂၁၉,၄၅၀.၈၅၇ | -၃၀,၀၃၂.၆၇၈ | ၇၆.၃၆% | ၁၀၂.၈၉% |
| | | စုစုပေါင်း | ၁,၇၂၂,၆၃၇.၆၆၃ | ၁,၉၈၉,၀၁၂.၉၈၈ | -၂၆၆,၃၇၅.၃၂၅ | ၁,၆၄၇,၂၅၅.၆၄၉ | ၁,၈၉၆,၆၅၅.၆၆၇ | -၂၄၉,၄၀၀.၀၁၈ | ၉၅.၆၂% | ၉၅.၃၆% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | **နိုင်ငံတော်ပိုင်စီးပွားရေး** | | | | | | | | |
| | | **အဖွဲ့အစည်းများ** | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၅,၂၁၆.၀၀၀ | ၅,၂၀၈.၉၄၀ | +၇.၀၆၀ | ၄,၂၅၅.၅၀၈ | ၈,၁၆၆.၄၅၈ | -၃,၉၁၀.၉၅၀ | ၈၁.၅၉% | ၁၅၆.၇၈% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၇၇,၅၉၂.၂၆၂ | ၇၀,၆၉၈.၄၉၃ | +၆,၈၉၃.၇၆၉ | ၆၅,၇၆၀.၈၄၅ | ၆၆,၇၂၉.၅၀၂ | -၉၆၈.၆၅၇ | ၈၄.၇၅% | ၉၄.၃၉% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၁၂၀,၆၉၇.၉၁၉ | ၇၄,၀၉၅.၄၄၅ | +၄၆,၆၀၂.၄၇၄ | ၁၃၆,၆၁၅.၇၄၅ | ၉၃,၂၅၀.၉၃၉ | +၄၃,၃၆၄.၈၀၆ | ၁၁၃.၁၉% | ၁၂၅.၈၅% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၁,၀၂၀,၃၉၁.၄၅၄ | ၁,၁၄၉,၄၃၅.၃၁၂ | -၁၂၉,၀၄၃.၈၅၈ | ၁,၁၄၇,၂၈၆.၉၀၆ | ၁,၁၉၅,၀၅၃.၂၆၃ | -၄၇,၇၆၆.၃၅၇ | ၁၁၂.၄၄% | ၁၀၃.၉၇% |
| | ၅ | စက်မှု | ၁၅,၆၄၄.၆၄၆ | ၃၆,၁၀၅.၈၇၆ | -၂၀,၄၆၁.၂၃၀ | ၁၁,၆၀၁.၃၆၇ | ၃၅,၀၇၆.၄၂၁ | -၂၃,၄၇၅.၀၅၄ | ၇၄.၁၆% | ၉၇.၁၅% |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၁၆၆,၇၄၁.၃၁၀ | ၁၃၉,၆၅၈.၃၃၆ | +၂၇,၀၈၂.၉၇၄ | ၁၆၁,၂၇၃.၀၁၆ | ၁၇၇,၀၄၂.၇၈၁ | -၁၅,၇၆၉.၇၆၅ | ၉၆.၇၂% | ၁၂၆.၇၇% |
| | | စုစုပေါင်း | ၁,၄၀၆,၂၈၃.၅၉၁ | ၁,၄၇၅,၂၀၂.၄၀၂ | -၆၈,၉၁၈.၈၁၁ | ၁,၅၂၆,၇၉၃.၃၈၇ | ၁,၅၇၅,၃၁၉.၃၆၄ | -၄၈,၅၂၅.၉၇၇ | ၁၀၈.၅၇% | ၁၀၆.၇၉% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | **နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ** | | | | | | | | |
| | ၁ | ပြန်ကြားရေး | | ၂၅၃.၉၀၅ | -၂၅၃.၉၀၅ | | ၅၃.၄၆၁ | -၅၃.၄၆၁ | | ၂၀.၇၃% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | | ၁၅၃,၁၄၄.၇၉၈ | -၁၅၃,၁၄၄.၇၉၈ | ၆,၅၄၉.၁၀၃ | ၆၈,၀၈၈.၆၁၁ | -၆၁,၅၃၉.၅၀၈ | | ၄၄.၄၆% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၅.၄၄၀ | ၃၈၉.၃၂၀ | -၃၈၃.၈၈၀ | ၃၂.၁၄၁ | ၈၈၃.၂၂၀ | -၈၅၁.၀၇၉ | ၅၉၀.၈၃% | ၂၂၆.၈၆% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၃,၃၈၃.၂၀၆ | ၁၃၀,၈၂၁.၆၁၁ | -၁၂၇,၄၃၈.၄၀၅ | | ၅၃,၄၄၁.၉၂၆ | -၅၃,၄၄၁.၉၂၆ | | ၄၀.၈၅% |
| | ၅ | စက်မှု | | ၁၄,၃၆၅.၆၈၆ | -၁၄,၃၆၅.၆၈၆ | ၄၆.၆၄၅ | ၁၄,၂၂၄.၂၄၃ | -၁၄,၁၇၇.၅၉၈ | | ၉၉.၀၂% |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၁,၃၂၆.၄၉၁ | ၈,၈၈၇.၀၀၀ | -၇,၅၆၀.၅၀၉ | ၃၇၃.၆၂၉ | ၂,၀၇၉.၀၀၈ | -၁,၇၀၅.၃၇၉ | ၂၈.၁၇% | ၂၃.၃၉% |
| | | စုစုပေါင်း | ၄,၇၁၅.၁၃၇ | ၃၀၇,၈၆၆.၃၂၀ | -၃၀၃,၁၅၁.၁၈၃ | ၇,၀၀၁.၅၁၈ | ၁၃၈,၇၇၀.၄၆၉ | -၁၃၁,၇၆၈.၉၅၁ | ၁၄၈.၄၉% | ၄၅.၀၇% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ကြေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | **နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ** | | | | | | | | |
| | ၁ | ပြန်ကြားရေး | | | | | | | | |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၂၀,၉၄၂,၆၆၁ | ၁၂,၂၇၅,၁၄၂ | +၁၀၈,၆၆၇,၅၁၉ | ၄၄,၆၄၃,၃၇၉ | ၇,၅၈၇,၂၅၀ | +၃၇,၀၅၆,၁၂၉ | ၃၆.၉၁% | ၆၁.၈၁% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | | | | | | | | |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၁၁၀,၇၀၇,၁၅၈ | ၉၅,၄၃၇,၅၂၀ | +၁၅,၂၆၉,၆၃၈ | ၄၁,၀၄၅,၈၁၁ | ၉၇,၈၁၁,၈၄၀ | -၅၆,၇၈၆,၀၀၉ | ၃၇.၀၈% | ၁၀၂.၅၁% |
| | ၅ | စက်မှု | | ၃၃,၄၈၆,၆၀၄ | -၃၃,၄၈၆,၆၀၄ | | ၃၆,၈၁၇,၆၇၆ | -၃၆,၈၁၇,၆၇၆ | | ၁၀၉.၉၅% |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၇၉,၉၈၉,၁၁၆ | ၆၄,၇၄၅,၀၀၀ | +၁၅,၂၄၄,၁၁၆ | ၂၇,၇၇၁,၅၃၄ | ၄၀,၃၂၉,၀၆၈ | -၁၂,၅၅၇,၅၃၄ | ၃၄.၇၂% | ၆၂.၂၉% |
| | | **စုစုပေါင်း** | ၃၁၁,၆၃၈,၉၃၅ | ၂၀၅,၉၄၄,၂၆၆ | +၁၀၅,၆၉၄,၆၆၉ | ၁၁၃,၄၆၀,၇၄၄ | ၁၈၂,၅၆၅,၈၃၄ | -၆၉,၁၀၅,၀၉၀ | ၃၆.၄၁% | ၈၈.၆၅% |

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်၊ ဒုတိယ(၃)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ သာမန်ရငွေပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက်ကျပ် ၁,၄၀၆,၂၈၃.၅၉၁ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုကျပ် ၁,၅၂၆,၇၉၃.၃၈၇ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၈.၅၇ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ်လျာထားချက်ကျပ် ၁,၄၇၅,၂၀၂.၄၀၂ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁,၅၇၅,၃၁၉.၃၆၄ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၆.၇၉ ဖြစ်ပါသည်။သာမန်ရငွေ၊သုံးငွေနှင့်ပတ်သက်၍ထူးခြားမှုအခြေအနေများကိုအောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းတွင် လေလံပွဲများ ပိုမိုကျင်းပရခြင်း၊ သစ်လုံးခွဲသားများ လေလံစနစ်ဖြင့် ရောင်းချခြင်းကြောင့် ဈေးနှုန်းပိုမိုရရှိခြင်းနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲခြင်းကြောင့် ဝင်ငွေပိုမိုရရှိခြင်း၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းတွင် ကြေးနီသတ္တု(၅၀၀၀)မက်ထရစ်တန်ရောင်းချရခြင်းနှင့် အဆင့်နိမ့်သတ္တုပိုမိုရောင်းချခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းသည် Alpha Power Engineering Co; Ltd မှ ပစ္စည်းပေးသွင်းမှုနောက်ကျသဖြင့် ဒဏ်ကြေးငွေများရရှိခြင်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ကမ်းလွန်ရေနံရှာဖွေရေးမှထွက်ရှိသည့် သဘာဝဓာတ်ငွေ့နှင့်လေဆီများရောင်းချရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းမြင့်တက်ခြင်းကြောင့် ပိုမိုရရှိခြင်း၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းသည် တာချီလိတ်နှင့်ကျိုင်းတုံဒေသတို့တွင် စက်သုံးဆီများပိုမိုရောင်းခဲ့ခြင်းတို့ကြောင့် ပိုမိုရရှိခြင်း။

(၂) **သာမန်ရငွေလျော့နည်းရရှိမှု။** ပြန်ကြားရေးဝန်ကြီးဌာန၊သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် သတင်းစာရောင်းရငွေလျော့နည်းခြင်းနှင့် ကြော်ငြာဝင်ငွေများလျော့နည်းရရှိခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးတွင် ယာဉ်မောင်းသင်တန်း တက်ရောက်သူနည်းပါး၍ သင်တန်းကျောင်း

ဝင်ငွေလျော့နည်းခြင်း၊ အထည်ချုပ်စက်ရုံသို့ ငှားရမ်းထားသည့် ယာဉ်များ ပြန်လည်အပ်နှံခြင်း၊ ကုန်စည်ပို့ဆောင်ရေးယာဉ်များ ကုန်စည်ရှားပါးသဖြင့် ပြေးဆွဲခေါက်ရေ လျော့နည်းခြင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် အနည်းဆုံး အာမခံဝင်ငွေနှင့် အမြတ်ဝေစုအချို့ကို ပထမ(၃) လပတ်တွင် အချိန်စော၍ လွှဲပြောင်းရရှိခဲ့ခြင်းကြောင့်လျော့နည်းခြင်း၊ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းတွင် အမှာစာရရှိသည့် ထုတ်ကုန်များနှင့် နဝလီလက်ခစားစနစ်ဖြင့်ထုတ်လုပ်ခြင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်းတွင် ရောင်းချထားသော ဆေးဝါးများမှာ သယ်ပို့နေဆဲဖြစ်သောကြောင့် ရောင်းရငွေများမရရှိသေးခြင်း၊ ကုန်ရောင်းရငွေများ ရရန်ရှိဖြစ်ပေါ်နေခြင်းနှင့် တင်ဒါစနစ်ဖြင့် ရောင်းချနိုင်ရန်ဆောင်ရွက်ဆဲဖြစ်ခြင်းကြောင့် လျော့နည်းရရှိခြင်း။

(၃) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** ပြန်ကြားရေးဝန်ကြီးဌာနတွင် နိုင်ငံခြားမှမှာယူထားသောကုန်ကြမ်းပစ္စည်းများအတွက် ငွေပေးချေခြင်း၊ အခြားပုံသေပိုင်ပစ္စည်းများနှင့်အဆောက်အဦများပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကိုဒုတိယ(၃)လပတ်မှသာဆောင်ရွက်ခဲ့ခြင်း၊ ပင်စင်လစာများတိုးမြှင့်ခဲ့ခြင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းတွင် ၂၀၁၈ခုနှစ် (၆)လအတွက် ဝင်ငွေခွန် ကြွေးကျန်ပေးဆောင်ရခြင်း၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းတွင် ပင်စင်လစာတိုးမြှင့်ခြင်းကြောင့် အငြိမ်းစားများ၏ ပင်စင်လစာများ ပိုမိုခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ဝန်ထမ်းများတာဝန်အရ ခရီးသွားလာမှုများပြားခြင်း၊ ကုန်ကြမ်းဝယ်ယူခြင်းအသုံးစရိတ်တွင် ကမ်းလွန်ဓာတ်ငွေ့ဖိုးများနှင့်ဓာတ်အားဝယ်စရိတ်များပေးချေရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းမြင့်တက်ခဲ့ခြင်းနှင့် ပထမ(၃)လပတ်တွင် လျော့နည်းပေးချေခဲ့ပြီး ဒုတိယ(၃)လပတ်ရောက်ရှိမှသာပေးချေရခြင်း၊ပင်စင်နှုန်းထားများတိုးမြှင့်ခဲ့ခြင်း၊ငွေကြေးစရိတ်တွင် ကင်းတား၊ ရဲရွာ၊ ဖော်ဂျီ(၁)တို့အတွက် အတိုးပေးချေရာ၌ နိုင်ငံခြားငွေလဲလှယ်နှုန်းမြင့်တက်ခဲ့ခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ငွေစုဘဏ်အပ်ငွေများလျာထားသည်ထက် ပိုမိုသဖြင့် အပ်ငွေနှင့်ချေးငွေအပေါ်အတိုးပေးငွေပိုမိုခြင်းနှင့် ချေးငွေပမာဏတိုးချဲ့ထုတ်ချေးသည့်အတွက် မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းရမည့် အတိုးပေးငွေအပြင် JICA / MEB

ချေးငွေရယူသည့်အပေါ် ၃၀% စုဆောင်းထားသူများအတွက် ပေးရသည့် ဆုငွေအပေါ် အတိုးပေးငွေများပိုမိုခြင်း၊ ပင်စင်လစာတိုးမြှင့်ခြင်း၊ နိုင်ငံခြားမှ ဝယ်ယူသော ကုန်ကြမ်း ပစ္စည်းများအတွက် Invoices များအရ ငွေပေးချေရသဖြင့် ဒုတိယ(၃)လပတ် အတွင်းမှ ငွေပေးချေနိုင်ခြင်း၊ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဝင်ငွေခွန်ကြွေးကျန်များလျာထားချက်မရှိဘဲ ပေးသွင်းခြင်းကြောင့် ပိုမိုခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၄,၇၁၅.၁၃၇ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၇,၁၀၁.၅၁၈ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၄၈.၄၉ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ်လျာထားချက် ကျပ်၃၀၇,၈၆၆.၃၂၀သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုကျပ် ၁၃၈,၇၇၀.၄၆၉ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း၄၅.၀၇ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားတွင် ဂျပန်နိုင်ငံမှ ထောက်ပံ့သောရန်ကုန်-ပြွန်တန်ဆာလမ်းပိုင်း Operating Control Center (OCC)နှင့် Safety equipment များတပ်ဆင်ခြင်းလုပ်ငန်းမှရငွေနှင့်စီမံကိန်းလုပ်ငန်းများမှ ပြန်လည်ပေးသွင်းငွေများမှ ရရှိခြင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းတွင် ပထမ(၃)လပတ်တွင်လျာထားသော ပြည်ပအကူအညီရငွေအား ဒုတိယ(၃)လပတ်တွင်ရရှိခဲ့ခြင်း၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းတွင် ခဲမဖြူသတ္တုသန့်စင်စက်ရုံ(သန်လျင်)နှင့် မြိတ်မှ အခြားပုံသေပိုင်ပစ္စည်းစာရင်း ပယ်ဖျက်ပြီးဖြစ်သည့် ပစ္စည်းဟောင်းရောင်းရငွေများရရှိခြင်း၊ စက်မှုဝန်ကြီးဌာန၊အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းတွင်ရုံးသုံးစက်ကိရိယာ၊ ရုံးသုံးပရိဘောဂလေလံတင်ရောင်းချရငွေများ၊အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းတွင် အသုံးပြု၍မရတော့သည့် ရုံးသုံးစက်ကိရိယာ၊ရုံးသုံးပရိဘောဂ၊ ဂိုဒေါင်(၂)လုံး၊ဝန်ထမ်းအိမ်ရာဟောင်း(၁)လုံးနှင့် ဆယ်တင်ပစ္စည်းရောင်းရငွေများ၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းတွင် စက်ရုံအဆောက်အဦဟောင်း(၁)လုံး ရောင်းရငွေ၊ မြန်မာ့ဆေးဝါးလုပ်ငန်းတွင် စိုက်ပျိုးရေးလုပ်ငန်းသုံးကျွဲမ(၃)ကောင်၊နွားထီး(၁၁)ကောင်ရောင်းရငွေနှင့် ရုံးသုံးပစ္စည်းဟောင်း(၂၀)မျိုး ရောင်းချရငွေများကြောင့် လျာထားချက်မရှိဘဲပိုမိုရရှိခြင်း။

(၂) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ဂျပန်နိုင်ငံ Grant ဖြင့်ဆောင်ရွက်မည့် မြန်အောင်ဓာတ်ငွေ့အင်ဂျင်သုံးဓာတ်အားပေးစက်ရုံစီမံကိန်းအတွက်Evaluation Report ပြီးစီးမှ အကြံပေးအဖွဲ့သို့ ငွေပေးချေနိုင်မည်ဖြစ်ခြင်း၊ ဂျာမဏီနိုင်ငံ KFW Grant ဖြင့်ဆောင်ရွက်မည့် Program Rural Electrification II, On Grid Electrification အတွက် အကြံပေးအဖွဲ့နှင့် စာချုပ်ချုပ်ဆိုနိုင်မှုမရှိခဲ့ခြင်းတို့ကြောင့် လျော့နည်းရရှိခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် Core Banking Solution လုပ်ငန်းများ အတွက် စက်ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူဆောင်ရွက်နေဆဲဖြစ်သဖြင့် ပြည်ပအကူအညီရငွေရရှိမှု လျော့နည်းခြင်း ။

(၃) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊မြန်မာ့သစ်လုပ်ငန်းတွင် ဖိုးကျားဆင်စခန်းလျှပ်စစ်မီးသွယ်တန်းခြင်းအား တတိယ(၃)လပတ်တွင် ဆောင်ရွက်ရန်လျာထားသော်လည်း ဒုတိယ(၃)လပတ်တွင်မှ ဆောင်ရွက်ခဲ့ခြင်းကြောင့် ပိုမိုသုံးစွဲခြင်းနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတွင်ပထမ(၃)လပတ်နှင့်ဒုတိယ(၃)လပတ်တွင် လျာထားမှုမရှိသော်လည်း ဒုတိယ(၃)လပတ်အတွင်း၌သာ တင်ဒါခေါ်ယူအောင်မြင်ပြီး ရုံးသုံးစက်ကိရိယာများဝယ်ယူခြင်းကြောင့် ပိုမိုသုံးစွဲခြင်း။

(၄) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** ပြန်ကြားရေးဝန်ကြီးဌာနတွင်ရုံးသုံးစက်ကိရိယာများအတွက်ဝယ်ယူခြင်းနှင့်မြန်မာ့အလင်းသတင်းစာတိုက်ရှိ ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းတို့တွင်တင်ဒါခေါ်ယူဆောင်ရွက်ဆဲဖြစ်ခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် ပြီးစီးပြီးဖြစ်သော ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ငွေတောင်းခံလွှာ မရရှိခြင်း၊ တင်ဒါစနစ်ဖြင့် ဝယ်ယူသောပစ္စည်းများကို အရည်အသွေးစိစစ်ရေးနှင့် လက်ခံရေး ကော်မတီမှ စစ်ဆေးလက်ခံရရှိသလောက်သာ ငွေပေးချေရခြင်း၊ ကစ္စပနဒီအမှတ်(၃)ရေယာဉ်သစ်အားမတ်လတွင် လက်ခံရရှိပြီးဖြစ်သော်လည်း ဘဏ်ရင်းတမ်းမရရှိသေးခြင်း၊ မြန်မာ့မီးရထားတွင်အချို့လုပ်ငန်းများအတွက် တင်ဒါခေါ်ယူဆဲဖြစ်ခြင်းနှင့် ငွေပေးချေရန်ဆောင်ရွက်ဆဲဖြစ်ခြင်း၊ မြန်မာ့ဆက်သွယ်ရေး

လုပ်ငန်းတွင် JICA ODA Loan ဖြင့်ဆောင်ရွက်သော ဆက်သွယ်ရေး ကွန်ယက်များအဆင့်မြှင့်တင်ရေးစီမံကိန်းအတွက် Consultant Fee ကို လုပ်ငန်းနှောင့်နှေးနေသည့်အတွက်မရရှိပါသဖြင့်မသုံးစွဲဖြစ်ခြင်း၊မြန်မာ့စာတိုက်လုပ်ငန်းတွင် တည်ဆောက်ရေးလုပ်ငန်းများတင်ဒါရွေးချယ်ပြီးစီးသော်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြထားဆဲဖြစ်ခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် နိုင်ငံခြားမှ မှာယူထားသောပစ္စည်းများ သတ်မှတ်ရက်အတွင်း မရောက်ရှိခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ဆဲကာလဖြစ်ခြင်း၊ Design Review ညှိနှိုင်းပြီးစီးမှုမရှိသေးခြင်း၊ အကြံပေးအဖွဲ့မှ Payment ပေးပို့လာမှုမရှိသေးခြင်း၊ World Bank ချေးငွေဖြင့် စာချုပ်ချုပ်ဆိုဝယ်ယူထားသည့် ပစ္စည်းများအား Factory Acceptance Test ပြုလုပ်နေဆဲဖြစ်ခြင်း၊ စက်ပစ္စည်းများဝယ်ယူရာတွင် တင်ဒါစိစစ်နေရခြင်း ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ရုံးသုံးစက်ကိရိယာများ၊ရုံးသုံးပရိဘောဂများနှင့် အခြားရုံးသုံးပစ္စည်းများဝယ်ယူရန်အတွက် တင်ဒါခေါ်ယူဆောင်ရွက်နေခြင်း၊ နိုင်ငံခြားမှ ဝယ်ယူရမည့်စက်ပစ္စည်းများအတွက် နိုင်ငံခြားငွေသုံးစွဲခွင့်လျှော့ထားဆဲဖြစ်ခြင်းကြောင့် လျော့နည်းခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ကြွေးမြီရငွေပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၃၁၁,၆၃၈.၉၃၅ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုကျပ် ၁၁၃,၄၆၀.၇၄၄ သန်းဖြစ်သဖြင့်ရာခိုင်နှုန်း ၃၆.၄၁ ဖြစ်ပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ၂၀၅,၉၄၄.၂၆၆ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၈၂,၅၆၅.၈၃၄ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၈၈.၆၅ ဖြစ်ပါသည်။ ကြွေးမြီရငွေ၊သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားတွင် ပြည်ပချေးယူရငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများအတွက် စာချုပ်ချုပ်ဆိုရန် ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ခြင်း၊ အချို့စက်ပစ္စည်းများမှာ အချိန်မီပေးသွင်းနိုင်မှု မရှိခြင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် JICA ODA Loan ဖြင့် ဆောင်ရွက်သော ဆက်သွယ်ရေးကွန်ယက်များ အဆင့်မြှင့်တင်မှုစီမံကိန်းအတွက်Consultant Fee ကိုလုပ်ငန်းနှောင့်နှေးသည့်အတွက် မရရှိခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် World Bank ချေးငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ Commissioning ဆောင်ရွက်နေဆဲဖြစ်၍ ငွေပေးချေနိုင်မှုမရှိခြင်းနှင့် ခွဲရုံပစ္စည်းများမှာ Factory Acceptance Test ပြုလုပ်နေဆဲဖြစ်ခြင်း၊Shareholder Loan Agreement အရ အဖွဲ့အစည်းများတွင် ရင်းနှီးငွေအတွက် ပြန်လည်ရရှိငွေများဒုတိယ(၃)လပတ်အတွင်း မရရှိခဲ့ခြင်း၊

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် Core Banking Solution လုပ်ငန်းများအတွက် စက်ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူဆောင်ရွက်နေဆဲဖြစ်သဖြင့် ကမ္ဘာ့ဘဏ်ချေးငွေ လျော့နည်းရရှိခြင်း၊ Housing Loan နှင့် ODA Two Step Loan များ အပြည့်အဝထုတ်ချေးနိုင်မှု မရှိခြင်းကြောင့် JICA ချေးငွေများ လျော့နည်းရရှိခြင်း။

(၂) **ကြွေးမြီသုံးငွေပိုမိုသုံးစွဲမှု။** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၏ ပြည်ပချေးငွေများဖြစ်သော CHINA EXIM BANK Loan ၊ KFW Loan ၊CDB Loan (EURO) ၊ CDB Loan (RMB) နှင့် China Soft Loan အတွက်အရင်းပေးဆပ်ရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်တက်ခဲ့ခြင်း၊ စက်မှုဝန်ကြီးဌာန၊အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းနှင့် အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းတို့တွင် တရုတ်နှင့်ဂျာမဏီကြွေးမြီအရင်းပေးဆပ်ရာတွင် နိုင်ငံခြားငွေလဲလှယ်မှုနှုန်းပြောင်းလဲမှုကြောင့် လျာထားချက်ထက် ပိုမိုခြင်း။

(၃) **ကြွေးမြီသုံးငွေလျော့နည်းသုံးစွဲမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားတွင် ဂျာမန်ချေးငွေ၊ တရုတ်ချေးငွေများအား ပေးချေခဲ့ပြီးဖြစ်သော်လည်း ပြင်သစ်ချေးငွေမှာ ဘဏ်မြီစားလွှာ မရရှိသေးခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ JICA ချေးငွေဖြင့် ဆောင်ရွက်သော Housing Loan နှင့် ODA Two Step Loan များ အပြည့်အဝထုတ်ချေးနိုင်မှု မရှိခြင်းကြောင့် လျော့နည်းခြင်းဖြစ်ပါသည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဒုတိယ(၃)လပတ်လျာထားချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ပတ်သက်၍ တွေ့ရှိသုံးသပ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရငွေပိုင်းတွင်သာမန်ရငွေရရှိမှု ၁၀၈.၅၇ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၁၄၈.၄၉ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၃၆.၄၁ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်းရငွေရရှိမှု ၉၅.၆၂ ရာခိုင်နှုန်းဖြစ်ပါသည်။သာမန်ရငွေပိုင်းနှင့် ငွေလုံးငွေရင်းရငွေတို့တွင်လျာထားချက်ကို ပြည့်မီ ကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော်လည်း ကြွေးမြီရငွေပိုင်းတွင် လျာထားချက်ပြည့်မီရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၁၀၆.၇၉ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၄၅.၀၇ ရာခိုင်နှုန်း၊ ကြွေးမြီအသုံးစရိတ် ၈၈.၆၅ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်းအသုံးစရိတ် ၉၅.၃၆ရာခိုင်နှုန်းဖြစ်ပါသည်။ သာမန်အသုံးစရိတ်တွင် လျာထားချက်ကို ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော်လည်း ငွေလုံးငွေရင်းအသုံးစရိတ်နှင့်ကြွေးမြီအသုံးစရိတ်တို့တွင် လျာထားချက်အောက် လျော့နည်းသုံးစွဲခဲ့ကြောင်းတွေ့ရှိရပါသည်။

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၇၁.၅၉၁.၃၄၄ | ၅၉.၂၁၉.၇၀၅ | +၁၂.၃၇၁.၆၃၉ | ၁၃၈.၆၀၁.၃၉၀ | ၁၂၂.၄၂၅.၈၈၈ | +၁၆.၁၇၅.၅၀၂ | ၁၉၃.၆၀% | ၂၀၆.၈၂% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၂၂၇.၅၀၄.၃၆၄ | ၂၁၆.၁၁၀.၅၈၂ | +၁၁.၃၉၃.၇၈၂ | ၂၂၉.၃၈၄.၅၆၀ | ၂၀၈.၀၆၄.၄၆၈ | +၂၁.၃၂၀.၀၉၂ | ၁၀၀.၈၃% | ၉၆.၂၈% |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၁၅၉.၈၇၂.၁၆၃ | ၁၅၁.၈၉၀.၁၀၁ | +၇.၉၈၂.၀၆၂ | ၁၇၀.၄၂၂.၈၁၄ | ၁၅၂.၂၀၇.၉၁၇ | +၁၈.၁၁၃.၈၉၇ | ၁၀၆.၆၀% | ၁၀၀.၂၈% |
| | | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၆၇.၆၃၂.၂၀၁ | ၆၄.၂၂၀.၄၈၁ | +၃.၄၁၁.၇၂၀ | ၅၈.၉၆၂.၇၄၆ | ၅၅.၇၅၆.၅၅၁ | +၃.၂၀၆.၁၉၅ | ၈၇.၁၈% | ၈၆.၈၂% |
| | | စုစုပေါင်း | ၂၉၉.၀၉၅.၇၀၈ | ၂၉၅.၃၃၀.၂၈၇ | +၂၃.၇၆၅.၄၂၁ | ၃၆၇.၉၈၅.၉၅၀ | ၃၃၀.၄၉၀.၃၅၆ | +၃၇.၄၉၅.၅၉၄ | ၁၂၃.၀၃% | ၁၂၀.၀၅% |

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၆၁,၉၀၅.၄၄၄ | ၅၁,၆၀၆.၅၀၈ | +၁၀,၂၉၈.၉၃၆ | ၈၆,၇၄၈.၅၅၂ | ၆၇,၁၁၈.၈၈၉ | +၁၉,၆၂၉.၆၆၃ | ၁၄၀.၁၃% | ၁၃၀.၀၆% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၂၂၃,၈၀၁.၇၆၈ | ၂၀၅,၄၄၇.၅၉၅ | +၁၈,၃၅၄.၁၇၃ | ၂၂၀,၆၃၉.၃၅၇ | ၁၉၇,၂၁၆.၄၈၄ | +၂၃,၄၂၂.၈၇၃ | ၉၈.၅၉% | ၉၅.၉၉% |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၁၅၈,၇၈၇.၅၈၃ | ၁၄၄,၁၀၇.၁၄၆ | +၁၄,၆၈၀.၄၃၇ | ၁၆၆,၀၈၁.၇၈၆ | ၁၄၆,၃၀၆.၄၁၃ | +၁၉,၇၇၅.၃၇၃ | ၁၀၄.၅၉% | ၁၀၁.၅၃% |
| | | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၆၅,၀၁၄.၁၈၅ | ၆၁,၃၄၀.၄၄၉ | +၃,၆၇၃.၇၃၆ | ၅၄,၅၅၇.၅၇၁ | ၅၀,၉၁၀.၀၇၁ | +၃,၆၄၇.၅၀၀ | ၈၃.၉၂% | ၈၃.၀၀% |
| | | စုစုပေါင်း | ၂၈၅,၇၀၇.၂၁၂ | ၂၅၇,၀၅၄.၁၀၃ | +၂၈,၆၅၃.၁၀၉ | ၃၀၇,၃၈၇.၉၀၉ | ၂၆၄,၃၃၅.၃၃၃ | +၄၃,၀၅၂.၅၃၆ | ၁၀၇.၅၉% | ၁၀၂.၈၃% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | | ၄,၄၉၆.၀၆၁ | -၄,၄၉၆.၀၆၁ | ၁,၅၅၀.၀၀၀ | ၅၂,၆၁၈.၇၀၀ | -၅၁,၀၆၈.၇၀၀ | | ၁၁၇၀.၃၃% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | | ၁၀,၆၆၂.၉၈၇ | -၁၀,၆၆၂.၉၈၇ | | ၁၀,၈၄၇.၉၈၄ | -၁၀,၈၄၇.၉၈၄ | | ၁၀၁.၇၃% |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | | ၇,၇၈၂.၉၅၅ | -၇,၇၈၂.၉၅၅ | | ၆,၀၀၁.၅၀၄ | -၆,၀၀၁.၅၀၄ | | ၇၇.၁၁% |
| | | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | | ၂,၈၈၀.၀၃၂ | -၂,၈၈၀.၀၃၂ | | ၄,၈၄၆.၄၈၀ | -၄,၈၄၆.၄၈၀ | | ၁၆၈.၂၈% |
| | | စုစုပေါင်း | | ၁၅,၁၅၉.၀၄၈ | -၁၅,၁၅၉.၀၄၈ | ၁,၅၅၀.၀၀၀ | ၆၃,၄၆၆.၆၈၄ | - ၆၁,၉၁၆.၆၈၄ | | ၄၁၈.၆၇% |

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

(ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၉,၆၈၅.၉၀၀ | ၃,၁၁၇.၁၃၆ | +၆,၅၆၈.၇၆၄ | ၅၀,၃၀၂.၈၃၈ | ၂,၇၃၈.၂၉၉ | +၄၇,၅၆၄.၅၃၉ | ၅၁၉.၃၄% | ၈၇.၈၅% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၃,၇၀၂.၅၉၆ | | +၃,၇၀၂.၅၉၆ | ၈,၇၄၅.၂၀၃ | | +၈,၇၄၅.၂၀၃ | ၂၃၆.၁၉% | |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၁,၀၈၄.၅၈၀ | | +၁,၀၈၄.၅၈၀ | ၄,၃၄၀.၀၂၈ | | +၄,၃၄၀.၀၂၈ | ၄၀၀.၁၆% | |
| | | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၂,၆၁၈.၀၁၆ | | +၂,၆၁၈.၀၁၆ | ၄,၄၀၅.၁၇၅ | | +၄,၄၀၅.၁၇၅ | ၁၆၈.၂၆% | |
| | | စုစုပေါင်း | ၁၃,၃၈၈.၄၉၆ | ၃,၁၁၇.၁၃၆ | +၁၀,၂၇၁.၃၆၀ | ၅၉,၀၄၈.၀၄၁ | ၂,၇၃၈.၂၉၉ | +၅၆,၃၀၉.၇၄၂ | ၄၄၁.၀၄% | ၈၇.၈၅% |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်၊ ဒုတိယ(၃)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ သာမန်ရငွေပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက်ကျပ် ၂၈၅,၇၀၇.၂၂ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၀၇,၃၈၇.၉၀၉ သန်း ဖြစ်သဖြင့်ရာခိုင်နှုန်း ၁၀၇.၅၉ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃) လပတ် လျာထားချက်ကျပ် ၂၅၇,၀၅၄.၁၀၃ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၆၄,၃၃၅.၃၇၃ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၂.၈၃ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ထူးခြားမှုအခြေအနေများမှာအောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ကုန်စည်အခွန်အခများ၊ ငှားရမ်းခများ၊ မီးပြတိုက်ဝင်ငွေများရရှိခြင်းနှင့် မြန်မာအမျိုးသားလေကြောင်းတွင် Embraer E 190 XY-AGP လေယာဉ်အင်ဂျင် ပြင်ဆင်ပြီးဖြစ်၍ ပြန်လည်အသုံးပြုပြေးဆွဲခြင်း၊ ပြည်တွင်းပြည်ပခရီးသည် ပိုမိုရရှိသဖြင့် ရငွေပိုမိုရရှိခြင်း။

(၂) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်းတွင် ပင်စင်စားဝန်ထမ်းများ ထုတ်ယူမှုများပြားခြင်းနှင့် ခရီးစရိတ်ပိုမိုလာခြင်း၊ ခရီးစဉ်ပိုမို ပြေးဆွဲရခြင်းကြောင့် ကုန်ကြမ်းဝယ်ယူခြင်းနှင့်ထုတ်လုပ်မှုစရိတ်များလာခြင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲမှုကြောင့်ငွေကြေးစရိတ် ပိုမိုလာခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် ဒုတိယ(၃)လပတ်လျာထားချက်မရှိသော်လည်း အကောင်အထည်ဖော်နိုင်မှုကျပ် ၁,၅၅၀.၀၀၀သန်း ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ်လျာထားချက် ကျပ် ၁၅,၁၅၉.၀၄၈ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၆၃,၄၆၆.၆၈၄ သန်း ဖြစ်သဖြင့်ရာခိုင်နှုန်း၄၁၈.၆၇ ဖြစ်ပါသည်။ ငွေလုံးငွေရင်း ရငွေ၊သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေများမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်းတွင် ATR -600 လေယာဉ်အဟောင်း (၂)စီး ရောင်းချခဲ့ခြင်းကြောင့် ပိုမိုခြင်း။

(၂) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ODA Loan ဖြင့် ဆောင်ရွက်သော လုပ်ငန်းများမှာ လုပ်ငန်းပြီးစီးမှုအပေါ် ငွေပေးချေရခြင်းတို့ကြောင့် ပိုမိုသုံးစွဲခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ချေးငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ပစ္စည်းများဝယ်ယူရာတွင် ပစ္စည်းရောက်ရှိမှုအပေါ်မူတည်၍ ငွေပေးချေရသောကြောင့် ပိုမိုခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ကြွေးမြီရငွေပိုင်းတွင် ဒုတိယ (၃)လပတ် လျာထားချက်ကျပ် ၁၃,၃၈၈.၄၉၆ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုကျပ် ၅၉,၀၄၈.၀၄၁ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၄၄၁.၀၄ ဖြစ်ပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် ဒုတိယ (၃) လပတ်လျာထားချက် ကျပ် ၃,၁၁၇.၁၃၆ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ်၂,၇၃၈.၂၉၉ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၇.၈၅ ဖြစ်ပါသည်။ ကြွေးမြီရငွေ၊သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ကြွေးမြီရငွေပိုမိုရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် လုပ်ငန်းပြီးစီးမှုအပေါ် JICA ODA Loan ရရှိခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ADB ချေးငွေနှင့် World Bank ချေးငွေတို့ဖြင့် ဆောင်ရွက်သောလုပ်ငန်းများအတွက် ပေးချေရာတွင် စာချုပ်တန်ဘိုးပါ ရာခိုင်နှုန်းအလိုက် ဒုတိယ(၃)လပတ်အတွင်း ပိုမိုပေးချေခဲ့ရခြင်းနှင့် JICA MY (10) အတွက် Consultant ငှားရမ်းခများကို Bi-Monthly ငွေပေးချေမှုစနစ်အရ (၂)ကြိမ်ခန့် ပေးချေရန်လျာထားသော်လည်း ၈/၂၀၁၈ မှ ၁/၂၀၁၉ လ အထိ (၃)ကြိမ်အတွက် ပေးချေခဲ့ရသဖြင့် ပိုမိုရရှိခြင်း။

(၂) **ကြွေးမြီသုံးငွေလျော့နည်းသုံးစွဲမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်းသည် လေယာဉ်ဝယ်ယူခြင်းအတွက် အရင်းပေးဆပ်ရာတွင် မတ်လအတွက် ကြွေးမြီအား ဧပြီလရောက်ရှိမှသာ ပေးချေရမည်ဖြစ်ခြင်းကြောင့် လျော့နည်းခြင်းဖြစ်ပါသည်။

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | **မြန်မာနိုင်ငံတော်ဗဟိုဘဏ်** | ၁၅၈,၈၁၀.၃၀၆ | ၃၃.၅၃၃.၄၂၂ | +၁၂၅.၂၇၆.၈၈၄ | ၂၂၃.၇၂၁.၁၇၅ | ၂၇.၆၄၉.၁၀၂ | +၁၉၆,၀၇၂.၀၇၃ | ၁၄၀.၈၇% | ၈၂.၄၅% |
| | | စုစုပေါင်း | ၁၅၈,၈၁၀.၃၀၆ | ၃၃.၅၃၃.၄၂၂ | +၁၂၅.၂၇၆.၈၈၄ | ၂၂၃.၇၂၁.၁၇၅ | ၂၇.၆၄၉.၁၀၂ | +၁၉၆,၀၇၂.၀၇၃ | ၁၄၀.၈၇% | ၈၂.၄၅% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁၅၆,၃၃၈.၃၅၁ | ၃၁,၁၂၀.၅၆၆ | +၁၂၅,၂၁၇.၇၈၅ | ၂၂၁,၇၆၃.၆၃၈ | ၂၇,၆၂၀.၉၄၃ | +၁၉၄,၁၄၂.၆၉၅ | ၁၄၁.၈၅% | ၈၈.၇၅% |
| | စုစုပေါင်း | ၁၅၆,၃၃၈.၃၅၁ | ၃၁,၁၂၀.၅၆၆ | +၁၂၅,၂၁၇.၇၈၅ | ၂၂၁,၇၆၃.၆၃၈ | ၂၇,၆၂၀.၉၄၃ | +၁၉၄,၁၄၂.၆၉၅ | ၁၄၁.၈၅% | ၈၈.၇၅% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၉၁၄.၂၅၁ | ၂,၄၁၂.၈၅၆ | -၁,၄၉၈.၆၀၅ | ၁,၈၄၅.၃၅၄ | ၂၈.၁၅၉ | +၁,၈၁၇.၁၉၅ | ၂၀၁.၈၄% | ၁.၁၇% |
| | စုစုပေါင်း | ၉၁၄.၂၅၁ | ၂,၄၁၂.၈၅၆ | -၁,၄၉၈.၆၀၅ | ၁,၈၄၅.၃၅၄ | ၂၈.၁၅၉ | +၁,၈၁၇.၁၉၅ | ၂၀၁.၈၄% | ၁.၁၇% |

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း

(ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁,၅၅၃.၇၀၄ | | +၁,၅၅၃.၇၀၄ | ၁၁၂.၁၈၃ | | +၁၁၂.၁၈၃ | ၇.၂၀% | |
| | စုစုပေါင်း | ၁,၅၅၃.၇၀၄ | | +၁,၅၅၃.၇၀၄ | ၁၁၂.၁၈၃ | | +၁၁၂.၁၈၃ | ၇.၂၀% | |

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏
# ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်၊ ဒုတိယ(၃)လပတ် လျာထားချက်အပေါ်
# အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သာမန်ရငွေပိုင်းတွင် ဒုတိယ (၃)လပတ်လျာထားချက် ကျပ်၁၅၆,၃၃၈.၃၅၁သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှုကျပ် ၂၂၁,၇၆၃.၆၃၈ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၄၁.၈၅ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ဒုတိယ (၃) လပတ် လျာထားချက် ကျပ် ၃၁,၁၂၀.၅၆၆ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၇,၆၂၀.၉၄၃ သန်း ဖြစ်သဖြင့် ၈၈.၇၅ ရာခိုင်နှုန်း ဖြစ်ပါသည်။သာမန်ရငွေ၊သုံးငွေနှင့်ပတ်သက်၍ထူးခြားမှုအခြေအနေများကိုအောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** ငွေတိုက်စာချုပ်၊ငွေတိုက်လက်မှတ်များအပေါ်မှအတိုးရငွေများ ပိုမိုရရှိခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ဝန်ထမ်းများလစာမဲ့ခွင့်ခံစားခြင်း၊ ဆေးခွင့်ခံစားခြင်းကြောင့်လစာနှင့်စရိတ်လျော့နည်းခြင်း၊ဝန်ထမ်းများလုပ်ငန်းတာဝန်ဖြင့် ခရီးသွားလာမှု လျော့နည်းခြင်း၊ Deposit Auction ခေါ်ယူသည့်ပမာဏလျော့နည်းခြင်းကြောင့်အပ်ငွေနှင့်ချေးငွေအပေါ် အတိုးပေးငွေလျော့နည်းခြင်းနှင့် စီမံနှင့်သုတေသနစရိတ်များ လျော့နည်းသုံးစွဲခဲ့ခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၉၁၄.၂၅၁ သန်း ဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၁,၈၄၅.၃၅၄ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၂၀၁.၈၄ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ်လျာထားချက်ကျပ် ၂,၄၁၂.၈၅၆ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၈.၁၅၉ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁.၁၇ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေများမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** ငွေလုံးငွေရင်းရငွေတွင် ဂျပန်နိုင်ငံ အစိုးရအထောက်အပံ့ဖြင့် ဆောင်ရွက်သည့် JICA Grant Aid Project များအတွက် Payment Schedule အနည်းငယ်ရွှေ့ပြောင်းခဲ့ပါသဖြင့် ဒုတိယ(၃)လပတ်တွင် ပိုမိုရရှိခဲ့ခြင်း။

(၂) **ငွေလုံးငွေရင်းသုံးငွေလျှော့နည်းသုံးစွဲမှု။** ရုံးသုံးပရိဘောဂများနှင့် အခြား ရုံးသုံးပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူဆောင်ရွက်နေခြင်း၊ မော်တော်ယာဉ် အကြီးစားပြင်ဆင်ရန် စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်ရယူ ဆောင်ရွက် နေခြင်းကြောင့် လျော့နည်းသုံးစွဲခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြွေးမြီရငွေပိုင်းတွင် ဒုတိယ (၃)လပတ်လျာထားချက် ကျပ် ၁,၅၅၇.၇၀၄ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၁၂.၁၈၃ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၇.၂၀ ဖြစ်ပါသည်။ ကြွေးမြီရငွေတွင် မြန်မာ နိုင်ငံငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများအတွက် ကမ္ဘာ့ဘဏ် ချေးငွေလျော့နည်းရရှိခြင်း ဖြစ်ပါသည်။

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၃၇၀.၇၂၈ | ၃၃၅.၂၂၀ | +၃၅.၅၀၈ | ၄၉၁.၃၆၆ | ၃၆၂.၆၄၇ | +၁၂၈.၇၁၉ | ၁၃၂.၅၄% | ၁၀၈.၁၈% |
| | စုစုပေါင်း | ၃၇၀.၇၂၈ | ၃၃၅.၂၂၀ | +၃၅.၅၀၈ | ၄၉၁.၃၆၆ | ၃၆၂.၆၄၇ | +၁၂၈.၇၁၉ | ၁၃၂.၅၄% | ၁၀၈.၁၈% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ယာယီရငွေ၊သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၃၇၀.၇၂၈ | ၃၃၅.၂၂၀ | +၃၅.၅၀၈ | ၄၉၁.၃၆၆ | ၃၆၂.၆၄၇ | +၁၂၈.၇၁၉ | ၁၃၂.၅၄% | ၁၀၈.၁၈% |
| | စုစုပေါင်း | ၃၇၀.၇၂၈ | ၃၃၅.၂၂၀ | +၃၅.၅၀၈ | ၄၉၁.၃၆၆ | ၃၆၂.၆၄၇ | +၁၂၈.၇၁၉ | ၁၃၂.၅၄% | ၁၀၈.၁၈% |

# တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏
# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် လျာထားချက်အပေါ်
# အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ သာမန်ရငွေပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၃၇၀.၇၂၈ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၄၉၁.၃၆၆ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၃၂.၅၄ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ်လျာထားချက် ကျပ် ၃၃၅.၂၂၀ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၆၂.၆၄၇ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၈.၁၈ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** တပ်နယ်များ၏နယ်နိမိတ်အတွင်းနှင့် တပ်နယ်ဈေးများအတွင်းအခွန်အခများနှင့် အခြားသာမန်ရငွေများပိုမိုရရှိခြင်းကြောင့်ပိုမိုရခြင်း။

(၂) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** တပ်နယ်အတွင်းသန့်ရှင်းသာယာလှပရေး၊အရပ်ဘက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့်ညီညွတ်မှုရှိစေရေးအတွက် ပန်းခြံများ၊ ကစားကွင်းများအား ခေတ်မီလှပအောင် ပြုပြင်ပေးခြင်း၊ အချိန်နှင့် တပြေးညီပြီးစီးနိုင်ရေးအတွက် နေ့စားဝန်ထမ်းများ ငှားရမ်းအသုံးပြုရခြင်း၊ လမ်းများပြုပြင်ပေးရခြင်း၊ မီးဘေးအန္တရာယ်မဖြစ်ပွားစေရန်နှင့်ဖြစ်ပွားပါက ကာကွယ်နိုင်ရေးအတွက် လိုအပ်သော အုပ်ချုပ်/ထောက်ပံ့ပစ္စည်းများ ဝယ်ယူတပ်ဆင်အသုံးပြုရခြင်း၊လုပ်ငန်းသုံးယာဉ်များ ပြင်ဆင်ပေးရခြင်းတို့ကြောင့် ပိုမိုရခြင်း။

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)
## နေပြည်တော်ကောင်စီ၏ ယာယီရငွေ၊သုံးငွေစာရင်း
## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | နေပြည်တော်ကောင်စီ | ၂၇.၆၉၀ | ၂၃,၄၀၈.၁၀၇ | -၂၃,၃၈၀.၄၁၇ | ၁၉.၇၉၆ | ၁၄,၈၅၈.၃၃၅ | -၁၄,၈၃၈.၅၃၉ | ၇၁.၄၉% | ၆၃.၄၈% |
| | စုစုပေါင်း | ၂၇.၆၉၀ | ၂၃,၄၀၈.၁၀၇ | -၂၃,၃၈၀.၄၁၇ | ၁၉.၇၉၆ | ၁၄,၈၅၈.၃၃၅ | -၁၄,၈၃၈.၅၃၉ | ၇၁.၄၉% | ၆၃.၄၈% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)

## နေပြည်တော်ကောင်စီ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | နေပြည်တော်ကောင်စီ | ၂၇.၆၉၀ | ၉၃၁.၇၀၇ | -၉၀၄.၀၁၇ | ၁၉.၇၉၆ | ၉၁၇.၇၀၄ | -၈၉၇.၉၀၈ | ၇၁.၄၉% | ၉၈.၅၀% |
| | | စုစုပေါင်း | ၂၇.၆၉၀ | ၉၃၁.၇၀၇ | -၉၀၄.၀၁၇ | ၁၉.၇၉၆ | ၉၁၇.၇၀၄ | -၈၉၇.၉၀၈ | ၇၁.၄၉% | ၉၈.၅၀% |

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)

နေပြည်တော်ကောင်စီ၏ ယာယီရငွေ၊သုံးငွေစာရင်း

(ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | နေပြည်တော်ကောင်စီ | | ၂၂,၄၇၆.၄၀၀ | -၂၂,၄၇၆.၄၀၀ | | ၁၃,၉၄၀.၆၃၁ | -၁၃,၉၄၀.၆၃၁ | | ၆၂.၀၂% |
| | စုစုပေါင်း | | ၂၂,၄၇၆.၄၀၀ | -၂၂,၄၇၆.၄၀၀ | | ၁၃,၉၄၀.၆၃၁ | -၁၃,၉၄၀.၆၃၁ | | ၆၂.၀၂% |

# နေပြည်တော်ကောင်စီ၏
# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် လျာထားချက်အပေါ်
# အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နေပြည်တော်ကောင်စီ၏သာမန်ရငွေပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၂၇.၆၉၀ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၉.၇၉၆ သန်း ဖြစ်သဖြင့်ရာခိုင်နှုန်း ၇၁.၄၉ ဖြစ်ပါသည်။သာမန်အသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၉၃၁.၇၀၇ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၉၁၇.၇၀၄ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၈.၅၀ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေလျော့နည်းရရှိမှု။** ရေခွန်ရငွေ၌ ပြေစာတွင် တောင်သူအမည် လွဲမှားခြင်းကြောင့် စည်းရုံးကောက်ခံနေရခြင်း၊ ကွင်းအမှတ်၊ ဦးပိုင်အမှတ် လွဲမှားခြင်း၊ တောင်သူအမည်စာရင်းထပ်နေခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** နိုင်ငံခြားသွားကိုယ်စားလှယ်စရိတ်တွင် နိုင်ငံခြားသို့ သွားရောက်ခဲ့ခြင်းမရှိခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ လျာထားချက်ထက် လျော့နည်းခြင်း၊ ပညာရေးနှင့် လူမှုရေးအသုံးစရိတ်တွင် လူမှုရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရန်နည်းပါးခြင်းတို့ကြောင့် လျော့နည်း ရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းအသုံးစရိတ် ပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၂၂,၄၇၆.၄၀၀ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၁၃,၉၄၀.၆၃၁ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၆၂.၀၂ ဖြစ်ပါသည်။ ငွေလုံးငွေရင်းသုံးငွေနှင့်ပတ်သက်၍ထူးခြားမှု အခြေအနေမှာ အောက်ပါ အတိုင်းတွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** ဒုတိယ(၃)လပတ်အတွင်း ငွေလုံး ငွေရင်းလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်ခြင်းကြောင့် လျော့နည်းရခြင်း။

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၅,၃၄၉.၅၀၈ | ၁၁,၃၈၆.၇၃၈ | -၆,၀၃၇.၂၃၀ | ၇,၀၉၆.၈၈၇ | ၈,၁၈၅.၀၂၃ | -၁,၀၈၈.၁၃၆ | ၁၃၂.၆၆% | ၇၁.၈၈% |
| | စုစုပေါင်း | ၅,၃၄၉.၅၀၈ | ၁၁,၃၈၆.၇၃၈ | -၆,၀၃၇.၂၃၀ | ၇,၀၉၆.၈၈၇ | ၈,၁၈၅.၀၂၃ | -၁,၀၈၈.၁၃၆ | ၁၃၂.၆၆% | ၇၁.၈၈% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၅,၃၃၅.၄၅၈ | ၉,၇၃၉.၀၆၆ | -၄,၄၀၃.၆၀၈ | ၇,၀၈၉.၉၈၅ | ၇,၆၅၁.၉၅၁ | -၅၆၁.၉၆၆ | ၁၃၂.၈၈% | ၇၈.၅၇% |
| | စုစုပေါင်း | ၅,၃၃၅.၄၅၈ | ၉,၇၃၉.၀၆၆ | -၄,၄၀၃.၆၀၈ | ၇,၀၈၉.၉၈၅ | ၇,၆၅၁.၉၅၁ | -၅၆၁.၉၆၆ | ၁၃၂.၈၈% | ၇၈.၅၇% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် (ဇန်နဝါရီလမှ မတ်လကုန်အထိ)
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေ၊သုံးငွေစာရင်း
## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ဒုတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၁၄.၀၅၀ | ၁,၆၄၇.၆၇၂ | -၁,၆၃၃.၆၂၂ | ၆.၉၀၂ | ၅၃၃.၀၇၂ | -၅၂၆.၁၇၀ | ၄၉.၁၂% | ၃၂.၃၅% |
| | | စုစုပေါင်း | ၁၄.၀၅၀ | ၁,၆၄၇.၆၇၂ | -၁,၆၃၃.၆၂၂ | ၆.၉၀၂ | ၅၃၃.၀၇၂ | -၅၂၆.၁၇၀ | ၄၉.၁၂% | ၃၂.၃၅% |

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏
# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် လျာထားချက်အပေါ်
# အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ သာမန်ရငွေပိုင်းတွင် ဒုတိယ(၃)လပတ်လျာထားချက် ကျပ် ၅,၃၃၅.၄၅၈ သန်း ဖြစ်ပြီး၊အကောင်အထည်ဖော်နိုင်မှု ကျပ် ၇,၀၈၉.၉၈၅ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၃၂.၈၈ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ် လျာထားချက် ကျပ် ၉,၇၃၉.၀၆၆ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၇,၆၅၁.၉၅၁ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၇၈.၅၇ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** ဟိုတယ်၊ မိုတယ်များမှ အဆောက်အဦနှင့် မြေခွန်ရငွေများ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ လွှဲပြောင်းရရှိသည့် တံဆိပ်ခေါင်းခွန် (၂%) ရငွေများနှင့် ယာဉ်များအပေါ် ကောက်ခံသည့် နှစ်စဉ်ကြေး ဘီးခွန်ရငွေများ ၊ မြေ၊ ဂရန်ဝန်ဆောင်ခရငွေများ၊ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခရငွေများ၊ ဇမ္ဗူသီရိအထူးကုဆေးရုံ ဝန်ဆောင်ခရရှိငွေများ ပိုမိုရရှိခြင်းကြောင့် ပိုမိုရခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ဝန်ထမ်းခွင့်လစာများ စိစစ်ဖြတ်တောက်ခြင်း၊ ဝန်ထမ်းများနုတ်ထွက်ခြင်း၊ ပြည်တွင်း/ ပြည်ပသင်တန်းသွားရောက်မှု လျော့နည်းခြင်း၊ လျှပ်စစ်ဓာတ်အားခများ သုံးစွဲမှုလျော့နည်းခြင်း၊ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးနှင့် ဧည့်ရိပ်သာတို့တွင် အဝတ်အစားနှင့် အိပ်ယာပစ္စည်းများ ဝယ်ယူမှုလျော့နည်းခြင်း၊ နေပြည်တော် နယ်နိမိတ်အတွင်း ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား လုပ်ငန်းလိုအပ်ချက်အရသာ ဆောင်ရွက်ရခြင်း၊ အင်္ဂလိပ်စာကျွမ်းကျင်မှုဆိုင်ရာ သင်တန်းဖွင့်လှစ်ရန် လျာထားခဲ့သော်လည်း သင်တန်းကာလရွှေ့ဆိုင်းခဲ့ရခြင်း၊ နေပြည်တော် နယ်နိမိတ်အတွင်း သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်းစိုပြေရေးအတွက် ပုံမှန်ထိန်းသိမ်းခြင်းလုပ်ငန်းများသာ ဆောင်ရွက်နိုင်ခဲ့ပြီး၊ တင်ဒါစနစ်ဖြင့် ဆောင်ရွက်သော လမ်း/တံတား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ရေနှင့်သန့်ရှင်းမှု(ပြင်ပ) လုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်၍ လုပ်ငန်းပြီးစီးမှုအရ ကုန်ကျငွေများ ထုတ်ယူပေးချေနိုင်မှု မရှိသေးခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ငွေလုံးငွေရင်းရငွေပိုင်းတွင် ဒုတိယ(၃)လပတ်လျာထားချက် ကျပ် ၁၄.၀၅၀ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ်၆.၉၀၂သန်းဖြစ်သဖြင့် ရာခိုင်နှုန်း၄၉.၁၂ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ဒုတိယ(၃)လပတ်လျာထားချက်ကျပ်၁,၆၄၇.၆၇၂သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၅၃၃.၀၇၂ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၃၂.၃၅ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊ သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့်ဝယ်ယူထားသော ရေမီတာရောင်းချရငွေများ လျော့နည်းရရှိခဲ့ခြင်း။

(၂) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** အဆောက်အဦ၊ လမ်း၊ တံတားနှင့် ရေပေးရေးလုပ်ငန်းများမှာ ဆောင်ရွက်ဆဲဖြစ်၍ လုပ်ငန်းပြီးစီးမှုအရ ငွေထုတ်ယူပေးချေနိုင်မှုနည်းပါးခြင်း၊ စက်ပစ္စည်း၊ ပရိဘောဂနှင့် ယာဉ်များ ဝယ်ယူဆောင်ရွက်ဆဲဖြစ်၍ ငွေထုတ်ယူပေးချေနိုင်မှု နည်းပါးခြင်းတို့ကြောင့် လျော့နည်းရခြင်း။

၁။ ပြည်ထောင်စုဌာန၊အဖွဲ့အစည်းအားလုံး၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် ရငွေ၊သုံးငွေများအပေါ် အောက်ပါအတိုင်း ခြုံငုံသုံးသပ် တင်ပြအပ်ပါသည်-

(က) ရငွေပိုင်းတွင် သာမန်ရငွေရရှိမှု ၁၁၀.၆၆ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၄၁.၉၄ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၅၃.၇၉ ရာခိုင်နှုန်း ဖြစ်သဖြင့် စုစုပေါင်း ရငွေရရှိမှု ၁၀၂.၆၆ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်ရငွေပိုင်းတွင် လျာထားချက်ကို ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီရငွေပိုင်းတွင် လျာထားချက်ကို ပြည့်မီရန်လိုအပ်ကြောင်း တွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၈၆.၉၂ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်း အသုံးစရိတ် ၇၁.၂၁ ရာခိုင်နှုန်း၊ကြွေးမြီအသုံးစရိတ် ၉၈.၁၀ ရာခိုင်နှုန်း ဖြစ်သဖြင့် စုစုပေါင်းအသုံးစရိတ် ၈၃.၆၈ ရာခိုင်နှုန်း ဖြစ်ပါသည်။သာမန်အသုံးစရိတ်ပိုင်းတွင် လျာထားချက်ထက် အနည်းငယ်လျော့နည်းသုံးစွဲထားပြီး ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင်လျာထားချက် ပြည့်မီရန်လိုအပ်ကြောင်းတွေ့ရှိရပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် လျာထားချက်နှင့် အနီးစပ်ဆုံးသုံးစွဲနိုင်ကြောင်းတွေ့ရှိရပါသည်။

၂။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် ရငွေ၊ သုံးငွေ များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုတွင် ရငွေပိုင်းတွင် သာမန်ရငွေများ လျာထားချက်ကို ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော်လည်း ငွေလုံးငွေရင်းရငွေနှင့်ကြွေးမြီရငွေများ လျာထားသည်ထက် လျော့နည်းရရှိသဖြင့် ပြည်ပအကူအညီရငွေ၊ ချေးယူရငွေများကို ပေးအပ်မည့် နိုင်ငံ၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်းရာ၌ ဘဏ္ဍာရေးနှစ်အလိုက်ထည့်သွင်းလျာထားမှုကို ယခုထက်ပိုမိုနီးစပ်အောင် လျာထားသင့်ပါသည်။

၃။ သုံးငွေပိုင်းတွင် ငွေလုံးငွေရင်းအသုံးစရိတ်များ လျာထားချက်ထက် လျော့နည်းသုံးစွဲရခြင်းမှာ အချို့ဝန်ကြီးဌာနများတွင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများဝယ်ယူရန်အတွက် တင်ဒါခေါ်ယူဆောင်ရွက်ဆဲဖြစ်ခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများအား လုပ်ငန်းပြီးစီးမှုအလိုက်သာ ငွေပေးချေရခြင်း၊ ပြည်ပအကူအညီရငွေ၊ ချေးယူရငွေဖြင့် သုံးစွဲသောအသုံးစရိတ်များ သုံးစွဲနိုင်မှုမရှိသေးခြင်းတို့ကြောင့် လျော့နည်းရခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ သာမန်အသုံးစရိတ်များ လျာထားချက်ထက် အနည်းငယ်သာလျော့နည်းသုံးစွဲထားပြီး ကြွေးမြီအသုံးစရိတ်များ လျာထားချက်နှင့်အနီးစပ်ဆုံးသုံးစွဲနိုင်ကြောင်း တွေ့ရှိရပါသည်။

၄။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် နှင့် အလားတူကာလဖြစ်သော ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် ရငွေ၊သုံးငွေများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေအား အောက်ပါအတိုင်း နှိုင်းယှဉ်သုံးသပ်တင်ပြအပ်ပါသည်-

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ်နှင့်အလားတူကာလဖြစ်သော
၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် ယာယီအမှန်စာရင်းအရ
အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေနှိုင်းယှဉ်ချက်ဇယား

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ စတုတ္ထ(၃)လပတ် အကောင်အထည် ဖော်နိုင်မှု | ၂၀၁၈-၂၀၁၉ ဒုတိယ(၃)လပတ် အကောင်အထည် ဖော်နိုင်မှု | ပိုမိုရရှိ/သုံးစွဲ(+) လျော့နည်း ရရှိ/သုံးစွဲ(-) |
|---|---|---|---|---|
| (က) | ရငွေ | ၆,၂၁၂,၈၇၉.၆၆၇ | ၅,၁၁၀,၇၃၁.၈၈၇ | (-)၁,၁၀၂,၁၄၇.၇၈၀ |
| | သာမန် | ၅,၇၂၆,၂၇၄.၆၁၈ | ၄,၇၅၅,၉၆၈.၉၁၀ | (-)၉၇၀,၃၀၅.၇၀၈ |
| | ငွေလုံးငွေရင်း | ၇၀,၅၆၃.၅၂၀ | ၃၉,၂၃၆.၉၄၉ | (-)၃၁,၃၂၆.၅၇၁ |
| | ကြွေးမြီ | ၄၁၆,၀၄၁.၅၂၉ | ၃၁၅,၅၂၆.၀၂၈ | (-)၁၀၀,၅၁၅.၅၀၁ |
| (ခ) | သုံးငွေ | ၇,၇၁၀,၂၈၃.၅၁၁ | ၅,၁၀၇,၈၁၇.၆၃၂ | (-)၂,၆၀၂,၄၆၅.၈၇၉ |
| | သာမန် | ၅,၀၆၉,၀၆၂.၁၇၉ | ၃,၇၄၇,၈၃၄.၀၉၇ | (-)၁,၃၂၁,၂၂၈.၀၈၂ |
| | ငွေလုံးငွေရင်း | ၂,၃၃၀,၉၅၇.၂၅၁ | ၁,၀၅၄,၅၃၅.၈၂၄ | (-)၁,၂၇၆,၄၂၁.၄၂၇ |
| | ကြွေးမြီ | ၃၁၀,၂၆၄.၀၈၁ | ၃၀၅,၄၄၇.၇၁၁ | (-)၄,၈၁၆.၃၇၀ |
| (ဂ) | ပိုငွေ(+)/လိုငွေ(-) | (-)၁,၄၉၇,၄၀၃.၈၄၄ | (+)၂,၉၁၄.၂၅၅ | (+)၁,၅၀၀,၃၁၈.၀၉၉ |

၅။ အထက်ပါဇယားအရ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ(၃)လပတ် ယာယီအမှန်စာရင်း စုစုပေါင်းရငွေနှင့် နှိုင်းယှဉ်ပါက ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် ယာယီအမှန် စာရင်း စုစုပေါင်းရငွေသည် ကျပ် ၁,၁၀၂,၁၄၇.၇၈၀ သန်း လျော့နည်းရရှိကြောင်း တွေ့ရှိရပါသည်။

၆။ စုစုပေါင်းသုံးငွေတွင် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် စတုတ္ထ (၃)လပတ် ယာယီအမှန်စာရင်း စုစုပေါင်းသုံးငွေနှင့်နှိုင်းယှဉ်ပါက ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၃)လပတ် ယာယီအမှန်စာရင်း စုစုပေါင်းသုံးငွေသည် ကျပ် ၂,၆၀၂,၄၆၅.၈၇၉ သန်း လျော့နည်းသုံးစွဲခဲ့ကြောင်း တွေ့ရှိရပါသည်။